မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၇)

နှောင့်ယှက်ဖျက်ဆီးမှုများ ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ပြည်သူများအတွက် စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ရခြင်းမရှိစေရန် မိမိတို့ ယခုကတည်းက ကြိုတင်စီစဉ်ဆောင်ရွက်နေခြင်းဖြစ်။

နိုင်ငံတော်က ဆီအုန်းစိုက်ပျိုးရေးပံ့ပိုးဖြည့်ဆည်းပေးခဲ့ရာ ဆီအုန်းခြံများအောင်မြင်စွာပေါ်ထွက်လာ

တနင်္သာရီတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးဖြစ်လာစေရေး စေတနာထားကြိုးပမ်း

ဆီအုန်းကေဒါးသိမ်း စောနိုင်သမျှစောစွာစိုက်ပျိုးပြီးစီးရေး အားထုတ်ဆောင်ရွက်

ဆီအုန်းစိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေနေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ ၄၅မိနစ်တွင် ရောက်ရှိသည်။

ကော့သောင်းလေဆိပ်တွင်ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကော့သောင်းလေဆိပ်တွင် ကြိုဆိုကြသည်။

ကျောဖုံးသို့ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ခင်းများမှ ထွက်ရှိသော ဆီသီးခိုင်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

နွေစပါးလျာထားချက် ပြည့်မီအောင်ကြိုးပမ်းဆောင်ရွက် ဝင်ငွေတိုးပွားစေမည့် ခြံစည်းရိုးကြက်ဆူပင်တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ကြသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည်ဟု နိုင်ငံတော်အစိုးရက ခံယူထားသည်။

ကျေးလက်နေပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်နေ ပြည်သူများအတွက် အကျိုးရှိစေရန် အခြေခံစီးပွားရေးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် နည်းလမ်းများရှာဖွေကာ ညွှန်ပြကူညီ ပံ့ပိုးပေးလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကျေးလက်နေပြည်သူများကလည်း ပူးပေါင်းပါဝင်ပြီး အားကြိုးမာန်တက် ဆောင်ရွက်ကြရန်လိုပေသည်။ မိမိတို့မြို့နယ်အတွက် သတ်မှတ်ထားသည့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ဧကပြည့်မီအောင် အချိန်မီကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က လမ်းညွှန်ချက်ချမှတ်ပေးထားသည့် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လည်း လိုအပ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇန်နဝါရီလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင်–

“နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ၁၀မျိုး၊ နှစ်ရှည်ပင်သုံးမျိုး၊ အမယ်သစ်(အမည်သစ်) သီးနှံသုံးမျိုးကို တိုးတက်စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် ကျေးလက်နေပြည်သူများသာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးရေးအတွက် ဝီရိယစိုက်ထုတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း”

ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီဖြစ်ပြီး သားငါးထုတ်လုပ်မှုတွင်လည်း အားထားရသည့် တိုင်းတစ်တိုင်းဖြစ်ရာ လယ်ယာသားငါးထွက်ကုန်များကို နှစ်စဉ်တိုးတက်အောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်သည်။ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၃၆သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်နှစ်တွင် ဧကတစ်သိန်းထပ်တိုး၍ ဧက၃၇သိန်း စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်း ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီကို လယ်ထွန်စက်၊ ရေတင်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်တို့တွင် စက်မောင်းဆီအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်သည်။ ကြက်ဆူစေ့ ကြိတ်ဖတ်များကိုလည်း မြေသြဇာအဖြစ် အသုံးပြုနိုင်သည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်၍ အပင်၁၂၀၀လျှင် တစ်ဧကနှုန်းဖြင့် စိုက်ပျိုးပါက ဒီဇယ်ဆီ၇၃ဂါလန်မှ ဂါလန်၁၀၀အထိ ရရှိနိုင်ပြီး သဘာဝမြေသြဇာ တစ်တန်ခန့်ကိုလည်း ရရှိနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်ကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် သတ်မှတ်ပေးထားသည့် စီမံချက်များနှင့်အညီ စိုက်ပျိုးလုပ်ကိုင်သွားကြရမည်ဖြစ်သည်။

ကြက်ဆူပင်များကို ကျေးရွာများတွင်လည်းကောင်း၊ ဥယျာဉ်ခြံမြေများ၌ လည်းကောင်း ခြံစည်းရိုးအဖြစ် စိုက်ပျိုးရန်နှင့် မြေအလုံအလောက်ရှိသည့်နေရာများတွင် စိုက်ခင်းကြီးများထူထောင်၍ သိပ္ပံနည်းကျစိုက်ပျိုးကြရန် လိုပေသည်။ တာဝန်ရှိသူများကလည်း စိုက်ပျိုးနည်းပညာများနှင့် လိုအပ်သည့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် ဧက၃၆သိန်း လျာထားသတ်မှတ်ခဲ့ရာ ၃၆၀၀၃၅၁ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅–၂၀၀၆ခုနှစ်အတွက် နွေစပါးဧက ၁၆၈၇၁၄၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ စိုက်ပျိုးရာသီအမီ လျာထားချက် အပြည့်အဝ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဝင်ငွေတိုးပွားစေမည့် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်မီအောင် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်လည်း အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅–၁–၂၀၀၆

(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဝါသနာရှင်စင်မြင့်(၂) (ထူးအယ်လင်း၊မီးမီးခဲ)
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း (စပါးစိုက်ပျိုးရေး)
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	အန္တရာယ်ကင်းသောမိခင်ဘဝ
၈း၂၀	မိသားစုတနင်္ဂနွေ (ရွှေတိဂုံစေတီတော်)
၈း၄၀	မိုးလေဝသခန့်မှန်းချက်
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	လူ့ဘောင်ဆိုးကျိုးကာကွယ်ဖို့ အိုင်အိုဒင်းဆားစားကြစို့
၈း၅၅	မနီတို့ရွာနှင့်မြစ်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	Sunday Talk
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅	အားလုံးကိုသိစေချင်တယ် (ဦးကျော်ရှိန်၊ဒေါ်တင်တင်အိ၊ နန်းဆုရတီစိုး)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	Myanmar Video Rhythm
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ပန်းပျိုးလတ်
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sport (Live)
၇း၅၅	Wigan- West Brom	5-Sport (Live)
၁၀း၂၅	Sunderland - Chelsea	5-Sport (Live)

Series -A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈း၃၀	Juventus - Reggins	5-Cartoon (Live)
၂း၀၀	Roma - AC Milan	MRTV-4 (Live)

မြဝတီရုပ်မြင်သံကြား

၁၅–၁–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး တရားတော် **“ခန္ဓာကိုယ်ကို သစ္စာမျက်လုံး သပ်ကြည့်ရမည့်တရားတော်”**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“မမေ့နိုင်သောနေ့”** (အပိုင်း–၂)
၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၃၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၀။ လျှပ်တစ်ပြက်
၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ချစ်ထုံးရယ်မပြယ်”** (အပိုင်း–၃)
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲအစီအစဉ် Sunderland Vs Chelsea

ဇန်နဝါရီ ၈ ရက်က မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် အမက(၂)တွင် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပရာ ပညာရေးလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းအား ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးချစ်မောင်က ဆုချီးမြှင့်စဉ်။

(က–ပ)

တောင်သူလယ်သမားများဘဝ သာယာလှပဖို့ ခြံစည်းရိုး ကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြပါစို့

နတ်မောက် ထွန်းရှိန်

ယနေ့ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်ပြည်မ၊ မြို့ပြနှင့်ကျေးလက် မခွဲခြားဘဲ ကွာဟမှု နည်းနိုင်သမျှနည်းအောင် စီမံဖြည့်ဆည်းပေးလျက် ရှိပေသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့ကာလ၌တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇယ်လောင်စာဆီ အစားထိုးဖြည့်ဆည်းပေးရန် ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်နိုင်မည့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲများ စည်းစည်းရုံးရုံးဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို စိတ်ဝင်စားဖွယ် တွေ့မြင်ကြားသိနေရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံကာ အခြား စီးပွားရေးလုပ်ငန်းများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတက်လှမ်းနေသော နိုင်ငံဖြစ်သည်။

ယခုအခါ ကြက်ဆူဆီဖြင့် ဒီဇယ်အစားထိုးအသုံးပြုနိုင်သည့် လက်တွေ့စမ်းသပ်မှုများ အံ့သြဖွယ်ဖြစ်ထွန်းအောင်မြင်နေပြီဖြစ်ရာ စိုက်ပျိုးမှုလွယ်ကူသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစီမံချက်များကို ပြည်နယ်နှင့်တိုင်းအလိုက် ချမှတ်ဆောင်ရွက်နေကြပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထက်မြန်မာပြည်ခရီးစဉ်အတွင်း ပြင်ဦးလွင်မြို့သို့ ရောက်ရှိစဉ် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့၌ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးအတွက် လမ်းညွှန်မှာကြားခဲ့ပေသည်။ နိုင်ငံတော်အကြီးအကဲက **တိုင်းနှင့်ပြည်နယ်တစ်ခုစီတွင် ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးရန်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဧကခုနစ်သန်း စိုက်ပျိုးကြရန်** လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မန္တလေးတိုင်းတွင် သုံးနှစ်အတွင်း ကြက်ဆူပင်ဧကငါးသိန်းပြည့်မီအောင် စိုက်ပျိုးသွားမည် ဖြစ်သည်။

ခြံစည်းရိုးနှင့် မြေလွတ်မြေရိုင်းများတွင် ကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် အခြားသီးနှံစိုက်ပျိုးမှုကို ထိခိုက်မှုမရှိသည့်အပြင် တောင်သူလယ်သမားမိသားစုများအဖို့ အပိုဝင်ငွေရရှိမည့် အခွင့်အလမ်းဖြစ်ပေသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့်အပြင် မြေဆီလွှာပြုပြင်မှုအတွက် ကြက်ဆူဆီကြိတ်ဖတ်များမှ အဖိုးတန်သော သဘာဝမြေဩဇာကိုလည်း ရရှိနိုင်မည် ဖြစ်ပေသည်။

ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက် မောင်းနှင်ပြသနေစဉ်။

မန္တလေးတိုင်းအတွင်း ယာမြေဧက၂သိန်းကျော်၊ ၂၁၇၇၉၅၅ဧကရှိသဖြင့် စိုက်ပျိုးရန်မြေမရှားပေ။ ယာမြေခြောက်ဧကပတ်လည်တွင် ကြက်ဆူပင် ၁၂၀၀ဆံ့အောင် စိုက်ပျိုးပါက တစ်ဧကစိုက်ပျိုးခြင်းနှင့် ညီမျှသည်။ မန္တလေးတိုင်းအတွင်း မြေရိုင်းဧက၁၂၈၂၀၆ရှိသည့်အနက် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များက မြေရိုင်းဖော်ထုတ်လျက်ရှိပြီး လက်ဖက်၊ ကော်ဖီနှင့် ရော်ဘာသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသဖြင့် ယင်းတို့အား ချန်လှပ်၍ မြေရိုင်း၁၀၆၅၉၃ဧကပေါ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ ၂၀၀၁၂ဧက စိုက်ပျိုးသွားရန် စီစဉ်ထားသည်။

မန္တလေးတိုင်းတွင် ကျေးလက်ဒေသများ၌ နေထိုင်သည့် လူဦးရေ ၅၀၂၉၇၉၃ရှိရာ အိမ်ထောင်စုပေါင်း ၁၀၁၅၉၆၁နှင့် အိမ်ခြေပေါင်း၇၅၀၉၈၁ ရှိသည်။ အိမ်တစ်အိမ်လျှင် ခြံစည်းရိုးကြက်ဆူပင် ငါးပင်နှုန်း သတ်မှတ်စိုက်ပျိုးသွားမည်ဖြစ်သည်။ ကြက်ဆူပင်စိုက်ပျိုးရာတွင် ကျေးလက် လမ်းဘေးဝဲယာ တစ်ပင်နှင့်တစ်ပင် ခြောက်ပေခြား စိုက်ပျိုးခြင်းဖြင့် သုံးနှစ်အတွင်း ၂၀၇၅ဧက စိုက်ပျိုးသွားမည် ဖြစ်သည်။

ထို့အပြင် ဆည်၊ကန်များ၊ ရေပေးမြောင်းများ၏ ဘေးဝဲယာတို့တွင်လည်း တစ်ပင်နှင့်တစ်ပင် ခြောက်ပေခြား စိုက်ပျိုးသွားခြင်းဖြင့် ၂၁၆၂ဧက စိုက်ပျိုးသွားနိုင်မည် ဖြစ်သည်။ မြစ်ရေတင်ဒေသ ရေမြောင်းပေါင် ဝဲယာတို့တွင်လည်း ခြောက်ပေခြား တစ်ပင်စီစိုက်ပျိုးခြင်းအားဖြင့် ၄၇၁ ဧက စိုက်ပျိုးသွားမည် ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို နည်းလမ်းခုနစ်မျိုးဖြင့် မြို့နယ်အလိုက် စိုက်ပျိုးမည်ဖြစ်သည်။

မန္တလေးတိုင်းတွင် အဓိကဆည်ကန်ပေါင်း ၁၂၀ ရှိပြီး ကျေးရွာဆည်၊ ကန် ၂၀၁ခု၊ ကျေးရွာဖွံ့ဖြိုးရေးဆည်၊ ကန်ပေါင်း၂၇၀နှင့် ကိုယ့်အားကိုယ်ကိုး ဆည်၊ ကန် ၁၆၆၆ခု စုစုပေါင်း၂၂၅၇ ကန်ရှိသည်။ ယခုအခါ မန္တလေးတိုင်းတွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် မျိုးစေ့ပျိုး ၄၆၄၄၀၅ပင်နှင့် ပျိုးကိုင်းပေါင်း သိန်း၅၀ကျော် ရရှိနေပြီ ဖြစ်သည်။ ၁၂-၁-၂၀၀၆ရက်နေ့အထိ ကြက်ဆူမျိုးစေ့ ၆၁၉တင်း စုဆောင်းရရှိပြီး ပျိုးထောင်ပြီးစီးမှုမှာ ၅၅၀၈၁၀၄ပင်ဖြစ်သည်။ စိုက်ပျိုးဧကမှာ ၂၉၄၂ဧကရှိနေပြီဖြစ်ပြီး မျိုးစေ့စုဆောင်းခြင်း၊ မျိုးကိုင်းများရှာဖွေပျိုးထောင်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ကြက်ဆူဆီအသုံးပြု၍ ဒီဇယ်ဆီမီးဖိုကို ဤသို့စမ်းသပ်ခဲ့ကြသည်။

မန္တလေးတိုင်းအနေဖြင့် ၃၀-၁၂-၂၀၀၅ ရက်နေ့က ကျောက်ဆည်ခရိုင်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် ပျိုးထောင်ခြင်း၊ မျိုးစေ့စုဆောင်းခြင်း၊ ကြက်ဆူဆီ ကြိတ်စက်ဖြင့် ထုတ်လုပ်ပြသခြင်း၊ လက်တွေ့ ဒီဇယ် အစားထိုး မောင်းနှင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၃၀-၁၂-၂၀၀၅ရက်နေ့၌ မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာတွင်လည်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းများ လက်တွေ့ပြသ ဆောင်ရွက်ခဲ့သည်။ ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများကို မောင်းနှင်ပြသခဲ့ကြသည်။ ၁-၁-၂၀၀၆ရက်နေ့တွင်လည်း တံတားဦးမြို့နယ်နှင့် ၂-၁-၂၀၀၆ရက်နေ့တွင် ဝမ်းတွင်းမြို့နယ် လျှော်ပင်ကျေးရွာအနီး ပျိုးခြံထူထောင်ခြင်း၊ ကြက်ဆူပင်မျိုးစေ့၊ ပျိုးကိုင်းများ အမျိုးအစားခွဲခြားပြသခြင်း၊ တစ်အုပ်တစ်မ ၁၀၂ ဧက စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်းအခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှာစကားပြောကြားခဲ့သည်။

"မိသားစုဝင်ငွေတိုးဖို့ ခြံစည်းရိုး ကြက်ဆူစိုက်ကြစို့" ရည်ရွယ်ချက်အတိုင်း တောင်သူလယ်သမား မိသားစုများအနေဖြင့် ခြံစည်းရိုး ကြက်ဆူပင် တစ်ဧက စိုက်ပျိုးပါက ကြက်ဆူစေ့တင်း၁၃၀အထိ ထွက်ရှိနိုင်ပြီး တင်း၁၃၀ကို ဆီကြိတ်ပါက ဆီဂါလန် ၁၀၀ ရရှိနိုင်မည်ဖြစ်သည်။ ဒေသပေါက်ဈေးနှင့် တွက်ပါက တစ်နှစ် အတွင်း အပိုဝင်ငွေ ကျပ်သုံးသိန်း ရရှိနိုင်မည်ဖြစ်သည်။ သဘာဝမြေဩဇာ အဖြစ် ကြိတ်ဖတ် ပိဿာ ၆၅၀ ရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုနိုင်မည် ဖြစ်သည်။

အထူးသဖြင့် ကြက်ဆူဆီဖြင့် မိတ္ထီလာစက်မှုဇုန်မှ ဂျစ်ကားနှစ်စီးနှင့် ထော်လာဂျီတို့ကို မောင်းနှင်ပြသနိုင်ခဲ့သည်။ ၇-၁-၂၀၀၆ရက်နေ့တွင်လည်း ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာတွင် တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး ကြက်ဆူသီးအား လက်တွေ့ကြိတ်၍ ကြက်ဆူဆီထုတ်လုပ်ပြီး ကျေးရွာမီးစက်များကို မောင်းနှင်ပြသခဲ့ကြသည်။ ယင်းမီးစက်များမှတစ်ဆင့်ရရှိသော လျှပ်စစ်မီးဖြင့် ရုပ်မြင်သံကြားကြည့်ရှုနေသူများ၊ ကျေးရွာရှိ စာဖတ်ဝိုင်းများအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ခင်ဇော်၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။ ထို့နောက် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင် စိုက်ပျိုးပေးခဲ့ကြသည်။

ကြက်ဆူဆီဖြင့် ဂျစ်ကားမောင်းနှင်နေစဉ်။

၈-၁-၂၀၀၆ရက်နေ့ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီ သစ်တောပျိုးဥယျာဉ်တွင် မန္တလေးတိုင်း ကြက်ဆူပင် စိုက်ပျိုးရေးသရုပ်ပြပွဲ ကျင်းပရာ မန္တလေးစက်မှုဇုန်မှ တီထွင်သော ဆီကြိတ်စက်သုံးမျိုးဖြင့် ကြက်ဆူစေ့များ လက်တွေ့ကြိတ်၍ ပြသခဲ့သည်။ ယခင်က ကြက်ဆူ စေ့များကို လက်လှည့်စက်ဖြင့် ကြိတ်နေရာမှ

စာမျက်နှာ ၅ ကော်လံ ၁သို့

ဖူဂျီတောင်နှင့် ကျည်ဆန်ရထား

ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ဘက်ရှိ လူသိများကျော်ကြားသည့် ဖူဂျီတောင်အနီးမှ ကျည်ဆန်ရထား တစ်စင်း ခုတ်မောင်းပြေးဆွဲသွားသည်ကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရာသီဥတုပြောင်းလဲမှုကို သိရှိဖြေရှင်းနိုင်ရေး အာရှ-ပစိဖိတ်ဒေသခြောက်နိုင်ငံမှ အရာရှိကြီးများ ဆွေးနွေး

ဆစ်ဒနီ ဇန်နဝါရီ ၁၄

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်နေချိန်တွင် ရာသီဥတုပြောင်းလဲမှုကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းသွားကြမည်ဆိုသည့် ဆွေးနွေးပွဲတစ်ရပ်ကို အာရှ-ပစိဖိတ်ခြောက်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက ဇန်နဝါရီ ၁၁ရက်၌ ဆစ်ဒနီမြို့တွင် ကျင်းပကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ နှစ်ရက်ကြာဆွေးနွေးကြမည်ဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသ ခြောက်နိုင်ငံမှအဆင့်မြင့် အရာရှိကြီးများအနေဖြင့် စွမ်းအင်နည်းပညာ ဖွံ့ဖြိုးရေးအတွက်လည်း သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။

ဆွေးနွေး

ထိုဆွေးနွေးပွဲသို့ ကမ္ဘာ့ထိပ်တန်းစွမ်းအင် ကုမ္ပဏီအချို့မှ အရာရှိများလည်း တက်ရောက်လျက်ရှိပြီး ကျောက်မီးသွေးနှင့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်နည်းပညာရပ်ကို ဖော်ထုတ်ရေးနှင့် ယင်းဖော်ထုတ်ရာတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေးအပေါ်၌လည်း အဆိုပါ အာရှ-ပစိဖိတ်ဒေသ အဆင့်မြင့် အရာရှိကြီးများက ဆွေးနွေးကြမည် ဖြစ်သည်။

တက်ရောက်

ယင်းဆွေးနွေးပွဲသို့ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ အပါအဝင် အခြားမိတ်ဆွေနိုင်ငံများမှ အဆင့်မြင့်အရာရှိ အများအပြား တက်ရောက်ကြပြီး ဩစတြေးလျနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာ၊ စက်မှုလုပ်ငန်းဝန်ကြီး အိုင်အင်မိုက်ဖာလင်နှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီး အိုင်အင်ကမ်ဘဲလ်တို့လည်း တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အခွန်နှစ်ထပ်စည်းကြပ်မှုမှ ရှောင်လွှဲနိုင်ရေး သဘောတူစာချုပ် အင်ဒိုနီးရှားနှင့်မလေးရှားနှစ်နိုင်ငံ လက်မှတ်ရေးထိုးမည်

ဂျကာတာ ဇန်နဝါရီ ၁၄

အင်ဒိုနီးရှားနှင့်မလေးရှားနှစ်နိုင်ငံတို့သည် အခွန်နှစ်ထပ် စည်းကြပ်မှုမှ ရှောင်လွှဲနိုင်ရေးအတွက် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေး ယခုသီတင်းပတ်တွင် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည်ဟု ဇန်နဝါရီ ၁၇ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ လက်မှတ်ရေးထိုးမှုကို ဇန်နဝါရီ၁၂ရက်၌ အင်ဒိုနီးရှား သမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုနှင့်မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီတို့ အင်ဒိုနီးရှားနိုင်ငံအနောက် ဆူမာတြားရှိ ဘူကစ်တန်ဂီမြို့တွင် နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးမှုအတွင်း လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း သည်ဂျကာတာပို့စ် သတင်းစာ၌ ဖော်ပြသည်။

နှစ်နိုင်ငံစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအတွက် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကူညီ ထောက်ပံ့ပေးနိုင်ရန်အတွက် ယခုကဲ့သို့ အခွန်နှစ်ထပ် စည်းကြပ်မှုရှောင်လွှဲနိုင်သည့် သဘောတူညီချက်များ လိုအပ်ကြောင်း အဆိုပါသတင်းစာ၌ ဆက်လက်ဖော်ပြသည်။

ထောက်ပံ့ပေးနိုင်

ထိုသို့သဘောတူစာချုပ်လက်မှတ် ရေးထိုးနိုင်ပါက နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ သွက်လက်ထက်မြက်စွာ ပိုမို ဆောင်ရွက်လာ နိုင်မည်ဖြစ်ကြောင်း၊ ယခုထွက်ပေါ် လာမည့် အခွန်ဆိုင်ရာ ဥပဒေအသစ် သည် စီးပွားရေး လုပ်ငန်းများကို ကူညီထောက်ပံ့မှုများ ပေးနိုင်မည် ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီး ဟက်ဆန်ဝီရာယူဒါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်တဲလ်အခြေခံမက်ကွန်ပျူတာများ အက်ပဲလ်ကွန်ပျူတာမှစတင်ထုတ်လုပ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၄

အက်ပဲလ်ကွန်ပျူတာကုမ္ပဏီသည် ကြီးမားသောကွန်ပျူတာဈေးကွက် ဖြစ်ပေါ်လာစေရန်အတွက် အင်တဲလ်ပရိုဆက်ဆာများထည့်သွင်းအသုံးပြုသည့် ပထမဆုံး မက်ကွန်ပျူတာကို ထုတ်လုပ်လိုက်ပြီဖြစ်သည်။

ယင်းကုမ္ပဏီမှ ထုတ်ကုန်အသစ်များကို စောင့်မျှော်နေသူများအတွက် အင်တဲလ်ချစ်များ သုံးထားသည့် ဒက်ခ်တော့ပ်နှင့် လက်(ပ်)တော့(ပ်) ကွန်ပျူတာများကို ဆန်ဖရန်စစ္စကိုမြို့ အက်ပဲကွန်ပျူတာပြပွဲတွင် အမှုဆောင်အရာရှိ စတီဗင်ဂျော့စ်က ထုတ်ဖော်ပြသခဲ့သည်။

နှစ်ဆမြန်

အဆိုပါ အိုင်မက်စ်ကွန်ပျူတာသည် လက်ရှိအသုံးပြုနေသော မော်ဒယ်များကဲ့သို့ အရွယ်တူဈေးနှုန်းတူဖြစ်ကြောင်း၊ သို့ရာတွင် အင်တဲလ်ချစ်သည် လက်ရှိကွန်ပျူတာများထက် နှစ်ဆသုံးဆလောက်မြန်ကြောင်း ဂျော့စ်က ပြောကြားသည်။

ရောင်းချပေးမည်

အဆိုပါ အိုင်မက်စ်ကွန်ပျူတာ၏ ဗားရှင်းမှာ ၁ဒသမ ၈၃ဂီဂါဟတ်ဇ်ဖြစ်ပြီး ဖန်သားပြင်အရွယ်အစားမှာ ၁၇လက်မ ရှိကြောင်း၊ ၎င်းကို အမေရိကန်ဒေါ်လာ ၁၂၉၉ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းကုမ္ပဏီမှ အသစ်ထုတ်လုပ်လိုက်သော လက်(ပ်)တော့(ပ်)ကွန်ပျူတာကို မက်ဘွတ်ခ်ပရိုဟု အမည်ပေးထားပြီး ဖေဖော်ဝါရီလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိ ပါဝါဘွတ်ခ် လက်(ပ်)တော့(ပ်)ကွန်ပျူတာများထက် စက်စွမ်းအားလေးဆ၊ ငါးဆလောက် မြန်ကြောင်း ၎င်းက ပြောကြားသည်။

အက်ပဲလ်ကွန်ပျူတာကုမ္ပဏီသည် လွန်ခဲ့သော အနှစ် ၂၀ကျော်က ၎င်း၏ မက်ကင်တော့ ကွန်ပျူတာများတွင် အိုင်ဘီအမ်နှင့် မိုတိုရိုလာတို့မှ ထုတ်သည့် ပရိုဆက်ဆာများကို အသုံးပြုခဲ့ရာမှ ယမန်နှစ်ကစ၍ အင်တဲလ်ပရိုဆက်ဆာများ ပြောင်းလဲအသုံးပြုခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မလေးရှားနိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူးစိစစ်ရွေးချယ်

ကွာလာလမ်ပူ ဇန်နဝါရီ ၁၄

မလေးရှားနိုင်ငံသည် လာမည့် ဇန်နဝါရီ ၁၆ရက်မှ ၂၆ရက်အတွင်း မလေးရှားနိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူးအတွက် ယှဉ်ပြိုင်ရန် အမျိုးသမီး နှစ်ဦးအပါအဝင် စုစုပေါင်း ၂၇ဦးကို စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံအာကာသ အေဂျင်စီက ယခု ရွေးချယ်ထားသည့် အာကာသယာဉ်မှူးပေါင်း ၂၇ဦးတို့သည် စမ်းသပ်စစ်ဆေးမှုသုံးခုကို ကျော်ဖြတ်ရမည်ဖြစ်ပြီး ၎င်းတို့အနက်မှ အောင်မြင်သူ လေးဦးအား အာကာသဆိုင်ရာ လေ့ကျင့်မှုများ ပြုလုပ်ရေးအတွက် ရုရှားနိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

အဆိုပါ အာကာသယာဉ်မှူးလောင်း လေးဦးထဲမှ အတော်ဆုံးသူ တစ်ဦးမှာ မလေးရှားနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး ဖြစ်လာမည်ဖြစ်သည်။ ထိုမလေးရှားအာကာသယာဉ်မှူးသည် ၂၀၀၇ခုနှစ် အောက်တိုဘာလတွင် ရုရှားအာကာသယာဉ်နှင့်အတူ အာကာသသို့ လိုက်ပါသွားမည်ဖြစ်ကြောင်း ၎င်းမီဒီယာများ၌ ဆက်လက်ဖော်ပြသည်။

စေလွှတ်

ယခုအစီအစဉ်သည် မလေးရှားအစိုးရ၏ အာကာသစီမံကိန်းရည်မှန်းချက်၏ ရှေ့ဦး အစီအစဉ် တစ်ခုဖြစ်ကြောင်း၊ ယင်းအစီအစဉ် အောင်မြင်သွားပါက နောင်နှစ်များတွင် အာကာသသို့ မလေးရှားအာကာသယာဉ်မှူးများ စေလွှတ်တော့မည်ဖြစ်ကြောင်း သိရသည်။

အောင်မြင်

ယခုရွေးချယ်ထားသည့် မလေးရှား အာကာသယာဉ်မှူးလောင်း၂၇ဦးမှာ လူ ၉၀၀အတွင်းမှ အကြိုစမ်းသပ်စစ်ဆေးမှုများကို ပြီးခဲ့သည့်နှစ်က ပြုလုပ်ခဲ့ပြီးနောက် အောင်မြင်လာသူများ ဖြစ်ကြသည်။

ရည်မှန်း

မလေးရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် အာကာသသို့ သွားရောက်နိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာရန် မျှော်မှန်းထားပြီး လသို့လည်း မလေးရှားနိုင်ငံသား တစ်ဦးစေလွှတ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖလူးဂျာ၌ လမ်းဘေးဗုံးပေါက်ကွဲ ကာနဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဖလူးဂျာ ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် ဇန်နဝါရီ ၁၁ရက်က အမေရိကန်စစ်ဘက်ကင်းလှည့်ယာဉ်အနီး လက်နက်ကိုင်ပြောက်ကျားများက လမ်းဘေးဗုံးဖောက်ခွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါလမ်းဘေးဗုံးကို အယ်လ်ဒူဘက်ခရိုင်တွင် အမေရိကန်ကင်းလှည့်ယာဉ်ဖြတ်သန်းသွားစဉ် ဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဟမ်ဗီးယာဉ်တစ်စီး ပျက်စီးသွားသကဲ့သို့ ယာဉ်အတွင်းရှိ တပ်ဖွဲ့ဝင်သုံးဦးလည်းသေဆုံးကာ တစ်ဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူက ဆင်ဟွာသို့ပြောကြားသည်။

အဆိုပါရက်စောစောပိုင်းက အမေရိကန်တပ်ဖွဲ့သည် ယင်းခရိုင်မှ အခြားနေရာရှိ ဒေသခံနေထိုင်သူများ၏ လှုပ်ရှားမှုများကို ကာကွယ်ရန်အတွက် မြို့၏ စစ်ဆေးရေးစခန်းများကို တာဝန်ယူဆောင်ရွက်ပေးနေသော ဒေသခံရဲတပ်ဖွဲ့နှင့်နေရာပြောင်းရန် အီရတ်တပ်ဖွဲ့ဝင်များအား အမေရိကန်တပ်ဖွဲ့က မေတ္တာရပ်ခံခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ တီကရစ်မြို့အနီး၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၇၂ခုနှစ်မှ ၁၉၈၈-၈၉ ခုနှစ်အထိဥပဒေဘွဲ့ရကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ၈ရက် နံနက်၉နာရီတွင် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အကန်တော့ခံ ဆရာ ဆရာမကြီးများအားဥပဒေဘွဲ့ရများက လက်အုပ်ချီမိုးကန်တော့ပြီး ကန်တော့ပစ္စည်းများ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

သြဝါဒစကားပြောကြား

ထို့နောက် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါ်ခင်ခင်သီက ဆုံးမသြဝါဒစကားပြောကြားပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဥပဒေပညာဌာန ပါမောက္ခ (အငြိမ်းစား) တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးက ဆုံးမသြဝါဒစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာ ဒေါ်သန်းနွဲ့က သြဝါဒစကားပြောကြားပြီး အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဥပဒေဘွဲ့ရများ၏မိတ်ဆုံစားပွဲကို ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် မအူပင်မြို့နယ် မလက်တိုအုပ်စု ဖိုးရာဝဲအုပ်စုမှ မခင်မာဝင်းကောင်းမှ အတွက် အလှူငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထွက်ရှိ

ကုန်းတွင်းရေနံလုပ်ငန်းများတိုးချဲ့လုပ်ကိုင်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထွက်ရှိ

ရေနံနှင့်သဘာဝဓာတ်ငွေ့သည် ကမ္ဘာပေါ်တွင် မရှိမဖြစ် လိုအပ်သော တွင်းထွက်လောင်စာဖြစ်သည်။ မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာ တိုးတက် ထွန်းကားလာသည်နှင့်အမျှ ရေနံနှင့်သဘာဝဓာတ်ငွေ့ သုံးစွဲမှု တိုးတက်များပြားလာသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ကုန်းတွင်းပိုင်း တွင်သာမက ကမ်းလွန်ပင်လယ်ပြင်တွင်ပါ တိုးချဲ့လုပ်ကိုင်လာကြသည်။

စတင်တူးဖော်ထုတ်လုပ်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ သဘာဝတွင်းထွက် လောင်စာဖြစ်သည့် ရေနံမှာ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများ၌ အများဆုံးထွက်ရှိသည်။ မြန်မာ့ရေနံသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ရေနံချောင်းဒေသ၌ စတင်တူးဖော်ထုတ်လုပ်ခဲ့သည်။

ကိုလိုနီခေတ် ကာလက မြန်မာနိုင်ငံမှ ပေါများကြွယ်ဝသော ရေနံသယံဇာတများကို နယ်ချဲ့တို့ လိုသလို ထုတ်ယူခဲ့ကြသည်။ နယ်ချဲ့တို့ ထုတ်ယူခဲ့ကြသော မြန်မာ့ရေနံမှာ ပီပါ သန်းပေါင်း ၂၅၀ခန့်ရှိသည်ဟု သိရသည်။ စစ်ရှုံးကာလ၌လည်း နယ်ချဲ့တို့ မြန်မာ့ရေနံမြေများကို ဖျက်ဆီးပစ်ခဲ့ကြပြန်သည်။

အစွမ်းကုန်တိုးမြှင့်

ယင်းနောက် မြန်မာ့ရေနံမြေများကို ပြန်လည်ထူထောင်နိုင်ရန်အတွက် ခေတ်အဆက်ဆက် အစိုးရများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ မြန်မာ့ရေနံမြေများတွင် ရေနံပုံမှန် ပြန်လည်ထွက်ရှိလာခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုလုပ်ငန်းများကို အစွမ်းကုန်တိုးမြှင့် ရှာဖွေဖော်ထုတ်လျက်ရှိသည်။

တိုးတက်အောင်မြင်မှု

ငွေအင်အား၊ လူအင်အား၊ ခေတ်မီနည်းပညာနှင့် စက်အင်အားများ တိုးချဲ့အသုံးပြုနိုင်ရန်အတွက် ပြည်ပရေနံကုမ္ပဏီများကို ဖိတ်ခေါ်ပြီး အကျိုးတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်ခဲ့သည်။ ရေနံမြေများတွင် တွင်းဟောင်းများကို ပေနက်ပြန်လည် တူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ယခင်နှင့်မတူ တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိသည်။

တပ်မတော်အစိုးရ လက်ထက်တွင် ကုန်းတွင်းရေနံမြေများ၌ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မှုကြောင့် ထွက်ရှိလာသော ရေနံစိမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်မှုများကို ဖော်ပြပါ ဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့်သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၈ သန်းခန့်နှင့် လေဆီ (Comdensate)စည်၃၀ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိသည့် ရောဝတီတိုင်း ညောင်တုန်းမြို့နယ် ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၃၀)ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်မှု

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ကုန်းတွင်းရေနံမြေ	၁၉	၁၉	အထူးတိုးချဲ့ပြုပြင်
၂	ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်(မိုင်)	၂၅၀ဒသမ၉၁	၁၂၅၉ဒသမ၇၉	၁၀၀၈ဒသမ၈၈
၃	သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု(ကုဗပေသန်း)	၄၁၉၁၃ဒသမ၉၇	၅၂၀၂၆ဒသမ၉၇	၁၀၁၁၃
၄	ရေနံနှင့်သဘာဝဓာတ်ငွေ့စက်ရုံ	၈	၁၃	၅
၅	ရေနံစိမ်းချက်လုပ်မှု (ဂါလန်သန်း)	၁၅၆ဒသမ၄၆၁	၂၃၀ဒသမ၇၉၆	၇၄ဒသမ၃၃၅

ဇန်နဝါရီ ၁ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် စာကြည့်တိုက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အဆိုပါ အသင်းရုံး စာကြည့်တိုက်၌ ကျင်းပရာ တစ်နှစ်ပတ်လုံး စာအုပ်အများဆုံး ငှားရမ်းဖတ်ရှုသူ အသင်းဝင်တစ်ဦးအား မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ယခုစက်ဖြင့် ပိုမိုတွင်ကျယ်ထိရောက်စွာ ကြိတ်ပေးနိုင်ပြီဖြစ်ရာ ကြက်ဆူဆီ ကြိတ်ဖတ်များကိုလည်း အဆင့်မြင့်စွာ ထုတ်ပေးနိုင်ပြီ ဖြစ်သည်။ ထို့အပြင် ကြက်ဆူဆီဖြင့် ကျေးရွာသုံးမီးစက် မူလဒီဇယ်အင်ဂျင် (ISUZU) အမျိုးအစား မြင်းကောင်ရေ ၈၇ကောင်အားရှိ အင်ဂျင်နှင့်တွဲဖက် အသုံးပြုနိုင်သော ဒိုင်နမို၄၀ကီလိုဝပ်ကို ကြက်ဆူဆီ တစ်ဂါလန်ဖြင့် စမ်းသပ်မောင်းနှင်ခဲ့ရာ မိနစ်၅၀ မောင်းနှင်နိုင်ခဲ့သည်။ ဒီဇယ်ဖြင့် မောင်းနှင်ပါက တစ်နာရီမောင်းနှင်နိုင်သည်။

မန္တလေးစက်မှုဇုန်မှ ထုတ်လုပ်သော Bus, Light Truck နှင့် မီးစက်များအား စမ်းသပ်မောင်းနှင်ခဲ့ရာ အောင်မြင်မှုရှိသဖြင့် ကျေးလက်နေပြည်သူများ အံ့သြဝမ်းသာလျက်ရှိနေကြသည်။ ဂျစ် Light Truck များတွင် ဒီဇယ်အင်ဂျင် (2C) တပ်ဆင်ထားပြီး ကြက်ဆူဆီ၁၀၀ရာခိုင်နှုန်းဖြင့် စမ်းသပ်မောင်းနှင်ခဲ့ရာ တစ်ဂါလန်လျှင် ၂၃မိုင် မောင်းနှင်နိုင်ခဲ့သည်။ ဒီဇယ်ဖြင့် မောင်းနှင်ပါက တစ်ဂါလန်လျှင် ၂၅မိုင်နှုန်းမောင်းနှင်နိုင်ပေသည်။

လူ၄၂ယောက်စီး Busကားကို ကြက်ဆူဆီ ၁၀၀ ရာခိုင်နှုန်းဖြင့် တစ်ဂါလန်၁၀မိုင်နှုန်း၊ ဒီဇယ်ဖြင့် မောင်းနှင်ပါက တစ်ဂါလန်၁၂မိုင်နှုန်း မောင်းနှင်နိုင်သည်။ ထိုမျှ သာမက ကြက်ဆူဆီဖြင့် မီးအိမ်များ ထွန်းညှိ၍လည်း ညတွင် ရေနံဆီမီးအိမ်အစား အသုံးပြုနိုင်သည်။ ၎င်းအပြင် ရေနံဆီမီးဖိုအစား ကြက်ဆူဆီဖြင့် ထမင်း၊ ဟင်းနှင့် စားသောက်ဖွယ်ရာများ အလွယ်တကူ ချက်ပြုတ်နိုင်ပေသည်။

ကြိတ်စက်များတွင်လည်း ဟိုက်ဒရောလစ် ဖိအားသုံးသဖြင့် ဆီကြိတ်နိုင်ရန် တီထွင်ထားရှိပြီး ၎င်းစက်တွင် တစ်ကြိမ်လျှင် ကြက်ဆူစေ့ တစ်ပြည်ခွဲထည့်ကြိတ်နိုင်သည်။ ၁၀မိနစ်ခန့်ကြာသည်။ ကြက်ဆူစေ့ တစ်တင်းလျှင် တစ်နာရီမိနစ်၄၀ခန့်ကြာပြီး ဆီငါးပုလင်းခန့် ရရှိနိုင်သည်။ လူတစ်ယောက်လွယ်ကူစွာ ကြိတ်နိုင်ပေသည်။

ဒီဇယ်(၅/၆) အင်ဂျင်ဖြင့် တွဲ၍လည်းကောင်း၊ 3HP မော်တာဖြင့် တွဲ၍လည်းကောင်း ဘေးတိုက်လွန်သွားဖြင့် ကြိတ်စက်တီထွင်ထားရှိပြီး ကြက်ဆူစေ့တစ်တင်းလျှင် ဆီခြောက်ပုလင်းခန့်ထိ ရရှိနိုင်သည်။ ယခင် လက်ကြိတ်စက်ဖြင့် ကြိတ်ခြင်းထက် တစ်ပုလင်းမှတစ်ပုလင်းခွဲခန့် ပိုမိုရရှိနိုင်သည်။

"မိသားစုဝင်ငွေတိုးဖို့ ခြစ်စည်းရိုးကြက်ဆူပင်စိုက်ကြစို့" ရည်ရွယ်ချက်အတိုင်း တောင်သူလယ်သမား မိသားစုများအနေဖြင့် ခြစ်စည်းရိုးကြက်ဆူပင် တစ်ဧကစိုက်ပျိုးပါက ကြက်ဆူစေ့တင်း၁၃၀အထိထွက်ရှိနိုင်ပြီး တင်း၁၃၀ကို ဆီကြိတ်ပါက ဆီဂါလန်၁၀၀ ရရှိနိုင်မည်ဖြစ်သည်။ ဒေသပေါက်ဈေးနှင့်တွက်ပါက တစ်နှစ်အတွင်း အပိုဝင်ငွေကျပ်သုံးသိန်း ရရှိနိုင်မည်ဖြစ်သည်။ သဘာဝမြေသြဇာအဖြစ် ကြိတ်ဖတ်ပိဿာ၆၅၀ရရှိနိုင်ပြီး စိုက်ပျိုးရေး လုပ်ငန်းတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

"မြေကြီးကချွေးသီးဖို့ ကြက်ဆူပင်စိုက်ကြစို့" ဆိုသည့်အတိုင်း **တောင်သူလယ်သမား မိသားစုများအဖို့ မိမိတို့ကျေးရွာဒေသတွင် လယ်ထွန်စက်များ၊ မော်တော်ယာဉ်များအတွက် ဒီဇယ်ဆီဝယ်စရာမလိုဘဲ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ကြမည်ဖြစ်ရာ ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးသူတိုင်း မြေကြီးကချွေးသီးပြီး ဝင်ငွေတိုးတက်ရရှိလာနိုင်မည် ဖြစ်သည်။** သို့ဖြစ်၍ ကျေးလက်အိမ်ခြံစည်းရိုးများ၊ လမ်း ဘေးဝဲယာ၊ ဆည်၊ ကန်၊ ချောင်း၊ မြောင်းဘေး ဝဲယာမကျန် စိုက်ပျိုးကြခြင်းဖြင့် **"အညာမြေကို ကြက်ဆူပင်ဖြင့် အလှဆင်"** ကြရန်ဖြစ်ပေသည်။

နှစ်ရှည်ပင်ဖြစ်သည့် ခြံစည်းရိုးကြက်ဆူပင်သည် မြေလွတ် မြေရိုင်းများ၊ အခြားသီးနှံစိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေဆီသြဇာချို့တဲ့သော မြေများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စိုက်ပျိုးသင့်သည်။ ကျေးလက်နေပြည်သူလူထုအတွက် မိသားစုဝင်ငွေ ပိုမိုရရှိလာပြီး အနာဂတ် စက်သုံးဆီလိုအပ်မှုကို တစ်စိတ်တစ်ပိုင်း ဖြည့်စွမ်းပေးနိုင်မည် ဖြစ်ပေသည်။

တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ မီးစက်၊ မြစ်ချောင်းအတွင်း သွားလာနေကြသော မြင်းကောင်ရေ ၂၀အောက်ပဲ့ထောင် ရေယာဉ်များ၊ လယ်ယာထုတ်ကုန်သုံး ထော်လာဂျီများတွင် ကြက်ဆူစေ့ကို လက်သုံးကြိတ်စက်ဖြင့် ကြိတ်၍ ရရှိလာသော ကြက်ဆူဆီများကို ကိုယ်တိုင်အသုံးပြုနိုင်သည့်အတွက် ယနေ့ တောင်သူလယ်သမားများ၏ဘဝ လူနေမှုဘဝ မြင့်မားရေး ထူးကဲသော အခွင့်အလမ်းကောင်းပင် ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှုဖြင့် ဤအခွင့်အရေးများ တောင်သူလယ်သမားများအဖို့ တိုက်ရိုက်ခံစားခွင့်ရရှိကြတော့မည်ဖြစ်သည်။ **"တောင်သူလယ်သမားများဘဝ သာယာလှပဖို့ ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြပါစို့."** ဟု တိုက်တွန်းလိုက်ရပေသည်။ ။

ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အသက်သွေးကြောပမာအရေးကြီးသည့် အမျိုးသားညီလာခံအောင်မြင်ရေး ပြည်သူလူထုကြီးတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ တစ်ခဲနက်ပူးပေါင်းကူညီဆောင်ရွက်

ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ပဲခူးတိုင်း(အနောက်) တွဲဖက် တိုင်းဥပဒေအရာရှိ ဦးချစ်ကိုကို အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ပဲခူးတိုင်း(အနောက်)အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ သူနာပြုများ၊ ပြည်ပညာရေးကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့များ၊ ပြည်မြို့ပေါ်ရပ်ကွက်များမှ ပြည်သူလူထုအင်အား ၁၅၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

လူထုအစည်းအဝေးမစတင်မီ နံနက် ၆ နာရီမှစတင်၍ စုရပ်အသီးသီးမှ ပြည်သူလူထုတို့က ဝက်ထီးကန်စစ်ကြောင်း၊ ဖိုးသာအောင်စစ်ကြောင်း၊ ခေတ္တရာစစ်ကြောင်း၊ သာယာဝတီစစ်ကြောင်း တို့ဖြင့် မင်္ဂလာရွှေပြည် တိုင်းအားကစားကွင်းသို့ ချီတက်လာကြပြီး သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

စိတ်တူသဘောတူ

အစီအစဉ်အရ သဘာပတိ ပဲခူးတိုင်း(အနောက်) တွဲဖက်တိုင်းဥပဒေအရာရှိ ဦးချစ်ကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့တစ်တွေ ဤနေရာ၌ ယခုကဲ့သို့ လာရောက်စုရုံးကြခြင်းသည် တူညီသောနှလုံးသား၊ တူညီသောယုံကြည်ချက်၊ တူညီသောအမြင်အသိများဖြင့် ရောက်ရှိလာကြသည်ဆိုသည်ကို ဖွင့်ဟမပြောဘဲသိနိုင်ကြောင်း၊ မိမိတို့သည် အချိန်အခါအရ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့်လုပ်ငန်းတစ်ရပ်ကို စိတ်တူသဘောတူ အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်သည်ဟု မိမိပြောလိုကြောင်း။

လောကနိယာမအရ ဝံသာနုရက္ခိတတရားဆိုသည့် အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်းသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်းနှင့်တကွ သက်ရှိလောကသားများအတွက် အထူးအရေးကြီးကြောင်းနှင့် မည်သည့်နိုင်ငံသားမဆို မိမိနိုင်ငံ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်သွားရမည့် တာဝန်သည် မွေးရာပါတာဝန်တစ်ရပ်ဖြစ်သည်ဆိုသည့်အချက်ကို တွေ့ရှိနိုင်ကြောင်း။

အမျိုးသားရေးတာဝန်

ယခုအချိန်သည် မိမိတို့နိုင်ငံ၌ တပ်မတော်အစိုးရကဦးဆောင်ပြီး အမျိုးသားညီလာခံကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသည့်အချိန်ကာလဖြစ်ကြောင်း၊ ယခုကဲ့သို့ကျင်းပနေခြင်းသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသည့် ပြည်သူနှင့် တပ်မတော် လက်တွဲပြီး အမိနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ရန် **“ကမ္ဘာတည်သရွေ့ မြန်မာပြည်ဟော့”**ဟု ကမ္ဘာ့အလယ်၌ တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေကြခြင်းပင်ဖြစ်ကြောင်း၊ အမျိုးကိုစောင့်ရှောက်နေခြင်းဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူကတည်းက **“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”**ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို ပြည်သူအများ သိရှိပြီးဖြစ်ကြောင်း။

ယနေ့ကာလတွင်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

ထူးခြားအောင်မြင်

သို့သော်လည်း အမျိုးသားညီလာခံအောင်မြင်မည်၊ ခိုင်မာမြဲမြံခေတ်မီပြည့်စုံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အင်အားတောင့်တင်းခိုင်မာသော ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားတစ်ခု ဖြစ်ပေါ်လာမည်ကို မလိုလားသည့် ပြည်တွင်းပြည်ပ အနှောင့်အယှက်အဖျက်အဆီးများကြောင့် အားလုံးသိကြသည့်အတိုင်း ပထမအကြိမ်ကျင်းပခဲ့သော အမျိုးသားညီလာခံသည် ယာယီအားဖြင့် ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ထိုကာလအတွင်းတွင် အဖျက်အင်အားစုများသည် လိုအပ်ကြောင်း၊ အခြေခံဥပဒေပေါ်ပေါက်ရန် အခြေခံမူများ ချမှတ်နိုင်ရန် အညီအညွတ် ဆွေးနွေးညှိနှိုင်းရန် အမျိုးသားညီလာခံတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ဖို့ လိုအပ်သည်ဆိုသည်ကို တကယ့်နိယာမ အစဉ်တရားသာလျှင်ဖြစ်ပါသည်ဟု တင်ပြလိုကြောင်း။

ဤအကြောင်းကြောင်းများကြောင့် ဒီမိုကရေစီရေး နှောင့်နှေးနေရသည့်အချိန်အတွင်းတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်ကို အလုပ်အကျွေးပြုစောင့်ရှောက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်ဖြစ် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ဒီမိုကရေစီရေးကို အနာဂတ်ဦးစားပေး လုပ်ငန်းအဖြစ် ရှုမြင်ခဲ့သည့် တပ်မတော်သည် ဒီမိုကရေစီကို မရောက်ရောက်အောင်သွားရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

အခိုင်အမာဖြည့်ဆည်းပေးနိုင်

ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ရှေ့သို့ချီတက်နေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်မှ အခြေခံဥပဒေ ရေးဆွဲအောင်မြင်နိုင်မည်။ အခြေခံဥပဒေပေါ်ပေါက်လာပါမှ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာမည်။ သို့မှသာ ဒို့တာဝန်အရေးသုံးပါးနှင့်တကွ တိုင်းရင်းသားများ လိုလားတောင့်တနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ဥပဒေနှင့်အညီ အခိုင်အမာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် တစ်ဝန်းလုံး၌ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုသည့် လောကပါလတရားများ ပိုမိုထွန်းကားလာပြီး ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း၊ အင်အားတောင့်တင်းခိုင်မာခြင်းတို့ ပြိုင်တူဖြစ်ပေါ်ခံစားရမည် ဖြစ်ကြောင်း။

ထို့ကြောင့် ဤဖြစ်စဉ်အဆင့်ဆင့်၌ အခြေခံအကျဆုံးသည် အမျိုးသားညီလာခံ အောင်မြင်ရေးပင်ဖြစ်သည့်အတွက် ယခုကျင်းပနေသော အမျိုးသားညီလာခံအောင်မြင်ရေးကို မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းရင်း နိုင်ငံသားတာဝန် ကျေပွန်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ပြည်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်း တင်သွင်းရာတွင် အမျိုးသားညီလာခံကျင်းပရန် ဖြစ်ပေါ်လာသည့် အကြောင်းအရင်းကို ပြန်ကြည့်မည်ဆိုလျှင် တပ်မတော်သည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာဘဲ စတင်ယူလိုက်ရကြောင်း၊ တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူရချိန်တွင် အဖျက်သမားများ၏ ဖျက်ဆီးလုယက်မှုကြောင့် စက်ရုံအလုပ်ရုံများအပါအဝင် လူမှုစီးပွားရေးအခြေခံလုပ်ငန်းအားလုံးနီးပါး ပျက်စီးယိုယွင်းပြီး နိုင်ငံစီးပွားရေး ဆုတ်ယုတ်ကျဆင်းနေချိန်၊ တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ပြီး နိုင်ငံတော်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေးကိစ္စအဝဝများ ရပ်တန့်သွားသည့်အချိန်ကာလလည်းဖြစ်ကြောင်း။

ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်ကျော်လင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်) စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးနိုင်ဝင်းထွန်း(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ပေါင်းတည်မြို့နယ်မှ တရားရုံးချုပ်ရှေ့နေ ဦးစိုးသန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

သာယာဝတီမြို့နယ်မှ တောင်သူလယ်သမားကိုယ်စားလှယ် ဦးတင်ရှိန် အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ပဲခူးတိုင်း(အနောက်)တွဲဖက်တိုင်းဥပဒေအရာရှိ ဦးချစ်ကိုကိုကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်မြို့အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသောင်းတင်ထွန်း၊ လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မိမိခင်၊ မြို့မိမြို့ဖ ဦးသိန်းတန်၊ မြို့မိမြို့ဖ ဦးထိန်လင်း၊ ပြည်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဒေါ်အေးမြင့်နှင့် မြို့မိမြို့ဖ ဦးမျိုးညွန့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ပွင့်ဦးဟန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မေစန္ဒာထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက လူထုအစည်းအဝေးစတင်ကြောင်း ကြေညာပြီး လူထုအစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်သူလူထုက နိုင်ငံတော်အလံကို အလေးပြုကြသည်။

အမျိုးသားညီလာခံလုပ်ငန်းစဉ်များ ပျက်စီးကျဆုံးရေးသာမက ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားအရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် ခေါင်းစဉ်အမျိုးမျိုးကိုရေလဲသုံးပြီး လေသေနတ်ဖြင့်တိုက်ပွဲဆင်ခဲ့ကြ၍ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် ဒီမိုကရေစီရေးဦးတည်ချက်များ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ သို့သော်လည်း နိုင်ငံတာဝန်ကိုအလုပ်ဖြင့် လက်တွေ့ကျကျထမ်းဆောင်တတ်သည့်တပ်မတော်အစိုးရသည် ဤကာလများအတွင်းတွင် ပြည်သူများနှင့်လက်တွဲပြီး ခိုင်မာသော ပြည်တွင်းအင်အားအခြေခံဖြင့်ပင် အံ့သြစရာကောင်းသည့် လုပ်ငန်းပမာဏနှင့် တိုင်းကျိုးပြည်ပြုတည်ဆောက်မှုလုပ်ငန်းများကို နေ့ညမနား ထူးခြားအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

တကယ်တော့ တပ်မတော်သည် ဒီမိုကရေစီအနှစ်သာရများကို လက်ခံယုံကြည်ပြီးသားဖြစ်သည့်အတွက် ဒီမိုကရေစီလမ်းကြောင်းကိုသွားဖို့ရန် ဦးတည်ချက် ချမှတ်ထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်သည့် အစိုးရတစ်ရပ်သည်လည်း ခိုင်မာပြည့်စုံသော အခြေခံဥပဒေနှင့်အညီသာလျှင် ဖြစ်ပေါ်ရကြောင်း၊ ဒီမိုကရေစီအစိုးရပေါ်ပေါက်ရန် အခြေခံဥပဒေတစ်ရပ်

နိုင်ငံတော်ကို တာဝန်ယူချိန်မှစပြီး မှန်ကန်သည့်အမျိုးသားရေးမူဝါဒများဖြစ်သော ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့သည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခန်းကဏ္ဍများမှာလည်း အရှိန်အဟုန်ဖြင့် ပြန်လည်တိုးတက်မြင့်မားလာခဲ့ကြောင်း၊ တပ်မတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု အထိုက်အလျောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဒီမိုကရေစီအရေးကို ရှေးရှုသောလုပ်ဆောင်ချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အချိန်မဆွဲဘဲ အောင်မြင်စွာကျင်းပပေးခဲ့ခြင်းသည် တိုင်းသိ ပြည်သိ ကမ္ဘာသိ ပူပူနွေးနွေးဖြစ်ရပ်ကြီးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီး ကိုယ်စားလှယ်များကို ရွေးချယ်နိုင်ခဲ့သော်လည်း အုပ်ချုပ်သူအစိုးရနှင့် ပြည်သူလူထုတို့ လိုက်နာရမည့် အခြေခံစည်းမျဉ်းများ၊ ဖွဲ့စည်းမှုများ၊ အာဏာခွဲဝေမှုများ အပြန်အလှန် ထိန်းကျောင်းမှုများအပါအဝင် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်နှင့် လူမှုအဖွဲ့အစည်းတို့ အခြေခံကျကျ လိုက်နာရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးသည့်အတွက် အခြေခံဥပဒေပေါ်ပေါက်ရေးကို ပထမဦးစားပေးအဖြစ် ရည်မှန်းချက်ထား ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

15-1 (06).p65 1 3/25/1905, 6:44 PM

ပြည်ထောင်စုနောင်ရေး စိတ်အေးရစေရန် အာမခံချက်ရှိစေမည့် အခြေခံဥပဒေတစ်ရပ်ပေါ်ထွက်လာရေး စနစ်တကျစီမံဆောင်ရွက်

စာမျက်နှာ ၆ မှ

ထို့ကြောင့် စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးအမြင်များအပြင် နိုင်ငံတကာဆက်ဆံရေးအမြင်နှင့်ပါ ဆက်စပ်သုံးသပ်ပြီး နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို လက်ငင်းတာဝန်ယူနေရသည့် တပ်မတော်အစိုးရအနေဖြင့် အဘက်ဘက်က ပြည့်စုံပြီး ပြည်ထောင်စုနောင်ရေးကိုစိတ်အေးရစေရန် အာမခံချက်ရှိစေမည့် အခြေခံဥပဒေတစ်ရပ်ပေါ်ထွက်လာစေရန် စနစ်တကျစီမံဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ရေးဆွဲနိုင်ရန်အတွက် နိုင်ငံတော်ကအမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲကို ၁၉၉၂ ခုနှစ် ဇွန် ၂၃ရက်တွင်ကျင်းပရန် သတ်မှတ်ခဲ့ပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ၁၉၉၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အမိန့်အမှတ်(၁၃/၉၂)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၌လည်း ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၏ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ပြည်ထောင်စုကခွဲထွက်ရန်ကြိုးပမ်းမှုကို တပ်မတော်က သတိရှိရှိဖြင့် ကာကွယ်နိုင်ခဲ့၍ ပြည်ထောင်စုပြိုကွဲမည့်ဘေးက လက်မတင်ကလေး ကျော်လွှားလွန်မြောက်ခဲ့သည်ကို မမေ့သင့်ကြကြောင်း။

ပူးပေါင်းကူညီဆောင်ရွက်

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းပေါ်ပေါက်လာရန်အတွက် အခြေခံအကျဆုံးသည် အမျိုးသားညီလာခံအောင်မြင်ရေးပင်ဆိုသည်ကို အားလုံးနားလည်လက်ခံကြပြီးဖြစ်လိမ့်မည်ဟု မိမိအလေးအနက်ယုံကြည်ပါကြောင်း၊ ထို့ကြောင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အသက်သွေးကြောပမာအရေးကြီးလှသည့် အမျိုးသားညီလာခံအောင်မြင်ရေးအတွက် ပြည်သူလူထုကြီးတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ တစ်ခဲနက် ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်းဖြင့် အဆိုတင်သွင်းသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ပြည်နည်းပညာတက္ကသိုလ်မှ ကထိက ဒေါက်တာဒေါ်ဇင်ဇင်စိမ့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် စည်းစနစ်တကျနှင့် ရေရှည်ခိုင်မာသည့် ဒီမိုကရေစီအနှစ်သာရကို ထာဝရဖော်ဆောင်နိုင်ရန်ဆိုလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီစနစ်ကို ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူလူထု၏အသိဉာဏ်ပညာ၊ တစ်နည်းအားဖြင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု မြင့်မြင့်မားမားရှိနေရန် အထူးလိုအပ်ကြောင်း။

ရွှေတောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် သုခမ္မသီဂိ သီဟသုခမ္မသီဂိ ဒေါ်ရင်ကျွေ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

မနေမနားဖော်ဆောင်

တပ်မတော်သည် နိုင်ငံတော်ကိုစတင်တာဝန်ယူကတည်းက ဒီမိုကရေစီရေးအခြေခံများဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို မနေမနား ဖော်ဆောင်ပေးခဲ့ကြောင်း။

သင်ကြားလေ့ကျင့်ပေးနိုင်

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်ပညာများ၊ ကမ္ဘာ့အဆင့်မီနောက်ဆုံးပေါ် နည်းပညာများ ကျွမ်းကျင်နှံ့စပ်သူများသာ ဆောင်ကြဉ်းနိုင်မှာဖြစ်သည့်အတွက် နိုင်ငံတော်ကိုတည်ဆောက်မည့် ကာကွယ်ရေးအတတ်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ ဥပဒေပညာရှင်များ စသဖြင့်နယ်ပယ်စုံ၌ တိုးတက်ထွက်ပေါ်လာအောင်လည်း တည်ဆောက်ပျိုးထောင်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ တက္ကသိုလ်ကောလိပ်ပေါင်း ၁၅၆ ခုထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့၍ အဆင့်မြင့်ပညာကို လေ့လာဆည်းပူးခွင့်ရသည့် ကျောင်းသား ကျောင်းသူအရေအတွက်မှာ ၁၉၈၈ခုနှစ်၌ တစ်သိန်းသုံးသောင်းလေးထောင် သုံးရာနှစ်ဆယ့်ငါးဦးသာရှိခဲ့ရာမှ ၂၀၀၅ခုနှစ်၌ ခုနစ်သိန်း ငါးထောင် ခုနစ်ရာ ရှစ်ဆယ့်လေးဦးထိအောင် တိုးတက်လာခဲ့ပြီး မဟာဘွဲ့၊ ပါရဂူဘွဲ့များ ထိရရှိအောင် သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ ပဲခူးတိုင်း(အနောက်) နယ်မြေထဲ၌တင်ပဲ တက္ကသိုလ်တစ်ခု၊ ပညာရေးကောလိပ်တစ်ခု၊ နည်းပညာကောလိပ်တစ်ခု၊ ကွန်ပျူတာကောလိပ်တစ်ခုနှင့် နည်းပညာတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးခဲ့၍ အဆင့်မြင့်ပညာများကို ဒေသတွင်း၌ပင် သင်ကြားခွင့်ရလာနိုင်ခြင်းသည် အင်မတန်ကြီးမားသည့် ပညာရေးအခွင့်အလမ်းတွေဖြစ်ကြောင်း။

နိုင်ငံတော်အနာဂတ်၌ ကျင့်သုံးအကောင်အထည်ဖော်သွားမည့် အခြေခံဥပဒေသည်လည်း နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခြေခံမူ(၉)ချက် ထည့်သွင်းထားရာတွင် နိုင်ငံသူနိုင်ငံသား၊ ကျား၊မ မခွဲတန်းတူရည်တူ အကျုံးဝင်အောင် ဆောင်ရွက်ထားကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများနှင့် ပတ်သက်သည့် အခြေခံမူများမှာလည်း အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်အပြင် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ခန့်မှန်းပုံဖော်ထားသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး တိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း တိုင်းရင်းသားပြည်သူများအားလုံး ပါဝင်ဆောင်ရွက်သွားနိုင်အောင် လိုအပ်မည့်ဥပဒေများ ထုတ်ပြန်ဆောင်ရွက်နိုင်ရေးအထိ မျှော်မှန်းလမ်းဖွင့်ထားသည့်အတွက် အနာဂတ်ပန်းခင်းလမ်း၏ ရေခံမြေခံဖြစ်သည့် အခြေခံဥပဒေအမြန်ပေါ်ပေါက်ရေး ရည်မှန်းကျင်းပနေသော အမျိုးသားညီလာခံကြီး စနစ်တကျဖြင့် ချောမွေ့စွာ ကျင်းပအောင်မြင်ပါစေကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

အနာဂတ်နိုင်ငံတော်အတွက်လမ်းခင်းပေး

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် သုခမ္မသီဂိ သီဟသုခမ္မသီဂိ ဒေါ်ရင်ကျွေက ထောက်ခံဆွေးနွေးတင်ပြရာတွင် နေ့စဉ်တွေ့ကြုံရင်ဆိုင်နေရသည့် မိသားစုစီးပွားရေး၊ သားသမီးများပြုစုစောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝတွင် အသက်အရွယ်နှင့် ဖြတ်သန်းလာခဲ့ရသည့် ခေတ်ကာလအတွေ့အကြုံများအရ ၁၉၈၈ခုနှစ် မတိုင်မီအခြေအနေ၊ တပ်မတော်အစိုးရတာဝန်ယူနေသည့် မျက်မှောက်ခေတ်ကာလအခြေအနေနှင့် နောင်အနာဂတ်နိုင်ငံတော်အတွက် လမ်းခင်းထားသည့် အခြေအနေများကို သာမန်ပြည်သူထဲက ပြည်သူတစ်ယောက်အနေဖြင့်ရောပိုမိုကျယ်ပြန့်သည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်တစ်ယောက်၏ အမြင်နှင့်ပါ ဆွေးနွေးတင်ပြလိုကြောင်း။

စီးပွားရေးအခြေခံကစ၍တင်ပြရလျှင် တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးမူဝါဒ ချမှတ်ခဲ့ပြီး ဆန်စပါးဝယ်ယူမှု စနစ်များကိုပါ ပြုပြင်ပေးခဲ့သည်က တစ်ကြောင်း၊ စီးပွားရေးအခြေခံ ဆည်မြောင်းများ တည်ဆောက်ပေးခဲ့သည်ကတစ်ကြောင်းနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မိမိတို့ဒေသ၏ အဓိကလူအများစုဖြစ်သည့် လယ်သမားများ ဝမ်းဝခါးလှပြီး ကျေးရွာတိုင်းတွင် သွပ်မိုးတပြောင်ပြောင်နှင့် တီဗွီ၊ ရေဒီယိုကတစ်ဆင့် ခေတ်မီမီ ကမ္ဘာကြီးကိုကြည့်မြင်နိုင်သည့် အခြေအနေဖြစ်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပြည်နည်းပညာ တက္ကသိုလ်မှ ကထိက ဒေါက်တာ ဒေါ်ဇင်ဇင်စိမ့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

ပိုမိုတိုးတက်လာမည့်အခြေခံကောင်းများ

အနာဂတ်နိုင်ငံတော်အတွက် ရေးဆွဲမည့်အခြေခံဥပဒေ၏ အခြေခံမူများထဲတွင်လည်း "နိုင်ငံတော်စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"။ "နိုင်ငံတော်သည်အများပြည်သူတို့၏နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်"။ "နိုင်ငံတော်သည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းကုန်ကြမ်းအစရှိသည်တို့ရရှိစေရန် ကူညီမည်"။ "နိုင်ငံတော်သည်အမျိုးသားစီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းခြင်းမပြု" စသည်ဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ပုဂ္ဂလိကအကျိုးစီးပွားကို အာမခံချက်များပေးထားသဖြင့် တိုင်းပြည်စီးပွားရေး ပိုမိုတိုးတက်လာမည့် အခြေခံကောင်းများအဖြစ် အားပါးတရ ကြိုဆိုအပ်ပါကြောင်း။

အတိတ်ကာလက ပြည်သူလူထု၏ စီးပွားရေးဘဝအတွက် အထူးတလည် ထိခိုက်နစ်နာခဲ့ရသဖြင့် အနာဂတ်နိုင်ငံတော်တွင် အလားတူပူပင်ကြောင့်ကြရသည့်ဒုက္ခကင်းဝေးအောင် အာမခံချက်ပေးမည့် အခြေခံမူတစ်ရပ်ရှိပါသေးကြောင်း၊ ယင်းမှာ "နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု" ဆိုသည့်အခြေခံမူပင်ဖြစ်ပါကြောင်း။

အခြေခံမူများချမှတ်ထား

အနာဂတ်နိုင်ငံတော်အတွက် ရေးဆွဲမည့် အခြေခံဥပဒေတွင် နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေး၊ ကျဆုံးသော တပ်မတော်သားများ၏ ရရှိထားသည့် အခြေခံကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတော်သစ်တွင် ယခုထက် သာလွန်ကောင်းမွန်သည့် အခြေအနေများဖန်တီးဖြစ်ပေါ်နိုင်စေရန်အတွက် အခြေခံမူများကို စဉ်းစားချမှတ်ထားခဲ့ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ (၁) "နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရန် အလေးထား ဆောင်ရွက်ရမည်။" (၂) "နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်။" (၃) "နိုင်ငံတော်သည် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်မည်။" (၄) "နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ဖော်ဆောင်မည်။" စသည်ဖြင့် အနာဂတ်အတွက် ကြိုတင်မျှော်တွေးလမ်းကြောင်းပေးထားသည်ကို တွေ့ရသဖြင့်လည်း ကြိုဆိုထောက်ခံပါကြောင်း။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ယနေ့နိုင်ငံတော်အစိုးရသည် မိမိတာဝန်ယူထားစဉ်ကာလတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို အကောင်းဆုံး စောင့်ရှောက်ပေးနေသကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း ပြည်ထောင်စုသားအားလုံးအတွက် အကျိုးအရှိဆုံးဖြစ်စေမည့် ဦးတည်ချက်များနှင့် အမျိုးသားညီလာခံကို ကျင်းပနေဆဲဖြစ်ပြီး ဤညီလာခံကြီးက ညှိနှိုင်းရရှိထားသည့် အခြေခံမူများ၊ အသေးစိတ်အခြေခံမူများသည်လည်း နိုင်ငံတော်အနာဂတ်အရေးအတွက် ပိုမိုအေးချမ်းတည်ငြိမ်ပြီး ကြီးပွားတိုးတက်ရေးကို ရှေးရှုနေတာဖြစ်သည့်အတွက် ညီလာခံကြီး စနစ်တကျအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး၊ ခေတ်မီခိုင်မာပြည့်စုံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ဆုံးရေးဆွဲအကောင်အထည်ဖော်နိုင်ရေးကို အလေးထား ဆောင်ရွက်သွားသင့်ပါကြောင်းကို လှိုက်လှဲစွာ ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

သမိုင်းအစဉ်အလာကြီးမား

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို သာယာဝတီမြို့နယ်မှ တောင်သူလယ်သမားကိုယ်စားလှယ် ဦးတင်ရှိန်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ သာယာဝတီနယ်မြေသည် လယ်ယာလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်နေသော နယ်မြေဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးသည် ပုဂ္ဂလိကစီးပွားရေးသာမက နိုင်ငံတော်စီးပွားရေးကဏ္ဍတွင် အချိုးအစားကြီးမားစွာ ပါဝင်နေပါကြောင်း၊ နိုင်ငံတော်အရေး၊ အမျိုးသားအရေးနှင့်ပတ်သက်လာလျှင် မိမိတို့ဒေသသည် အလွန်ထက်သန်နိုးကြားသည့် ဒေသဖြစ်ပါကြောင်း၊ အချုပ်အခြာအာဏာဆုံးရှုံးပြီး ကျွန်ဘဝရောက်ခဲ့ရသည့်ကာလတုန်းက နိုင်ငံတော်နှင့်နိုင်ငံသားအားလုံးအတွက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီးနှင့် ရှေ့ဆောင်လမ်းပြခဲ့သည့်နယ်မြေ၊ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် နယ်မြေလည်းဖြစ်ကြောင်း။

လွတ်လပ်ရေးရခါစ ပါလီမန်ဒီမိုကရေစီခေတ်ကာလတွင် မိမိတို့ လူလားမြောက်ခဲ့ရကြောင်း၊ တိုင်းပြည်အေးချမ်းမှုမရှိသေးချိန် လူမျိုးစွဲ၊ ဝါဒစွဲများကြားတွင် လက်နက်ခဲယမ်းတစ်ပုံတစ်ပင်ကို နည်းပေါင်းစုံနှင့်ရရှိထားချိန်၊ စီးပွားရေးအခြေခံကလည်း စစ်ပြီးစပြာပုံဘဝက မတက်နိုင်သေးချိန်တွင် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သဖြင့် ဒီမိုကရေစီစနစ်၏အနှစ်သာရများကို ပြည့်ပြည့်ဝဝမခံစားနိုင်ဘဲ မွေးသေ သားလျှော ဒီမိုကရေစီအဖြစ် ပြည်သူလူထုတွင် ကျီးလန့်စာစားဖြင့် ဘဝလုံခြုံမှုမရှိဖြစ်ခဲ့ရကြောင်း၊ လူကိုကျင်း၊ နွားကိုဟင်း၊ လှည်းကိုထင်းဆိုသော ခြိမ်းခြောက်ကြိမ်းဝါးမှုများကြောင့် တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်းပြီး ဝမ်းရေးမလွယ်ဖြစ်ခဲ့ရပါကြောင်း၊ "ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံအညီနဲ့" ဟု စာဖွဲ့ရလောက်အောင် ပါလီမန် ဒီမိုကရေစီခေတ်၏ တိုင်းပြည်လုံခြုံရေးအခြေအနေက ဆိုးရွားခဲ့ကြောင်း၊ အဓိကအကျဆုံးဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ငြိမ်ဝပ်ပိပြားမှုမရှိသည့်နောက်တွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အားလုံးသည် မည်သို့မျှ ဖွံ့ဖြိုးတိုးတက်မှု မရခဲ့ပါကြောင်း။

အင်တိုက်အားတိုက်အကောင်အထည်ဖော်

၁၉၈၈ခုနှစ် တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူခဲ့သည့်နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးကိုပြဋ္ဌာန်းကျင့်သုံးခဲ့သည့်အပြင် စီးပွားရေးဦးတည်ချက်(၄)ရပ်ထဲတွင်လည်း စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများပါ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရန် သတ်မှတ်ပြဋ္ဌာန်းပြီး လယ်ယာစိုက်ပျိုးရေးအတွက် အခြေခံအဆောက်အအုံများကို အင်တိုက်အားတိုက်အကောင်အထည်ဖော်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ***စာမျက်နှာ ၁၀ ကော်လံ ၁***

ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ပွင့်ဦးဟန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မေစန္ဒာထွန်းတို့ ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဘုရင့်နောင်ကုန်းမြေတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✳ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ခမောက်ကြီးမြို့ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိလာရာ ဗိုလ်မှူးကြီးကျော်ဖြိုးနှင့် ခမောက်ကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးကံထူးတို့က ခမောက်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် မြို့ကွက်စနစ်တကျ ဖော်ထုတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခမောက်ကြီးမြို့ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာ ထုတ်ယူရရှိသည့် ကြစ်စည်းရိုးကြက်ဆူပင် အောင်မြင်အောင်စိုက်ပျိုးရေးတို့ကို မှာကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖွံ့ဖြိုးတိုးတက်မှုဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ခမောက်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ယုဇနကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ကုမ္ပဏီ၏ ရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနကုမ္ပဏီ လီမိတက်အနေဖြင့် ၁၉၉၉ခုနှစ်မှစတင်၍ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့၌ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ယနေ့အထိ ဆီအုန်းစိုက်ပျိုးပြီးစီးမှုများ၊ ဆီကြိတ်စက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်နေမှုများ၊ ဆီသန့်စက်ရုံ တည်ဆောက်နေမှုများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ လုပ်သားများခန့်ထားမှုနှင့် ၎င်းတို့၏နေရေး၊ စားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးထားမှုများ၊ ဆီအုန်းစိုက်ပျိုးခြင်းလုပ်ငန်း အဆင့်ဆင့်များကို ရှင်းလင်းတင်ပြသည်။

ရည်မှန်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တနင်္သာရီတိုင်း၌ ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဆီအုန်းဧက၁၆၀၀၀၀ကျော် စိုက်ပျိုးထားပြီးဖြစ်ပါကြောင်း၊ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုမ္ပဏီ၃၅ခုက ပါဝင်စိုက်ပျိုး လျက်ရှိပါကြောင်း၊ ဆီအုန်းဧက ငါးသိန်းအပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် ယခင်က နိုင်ငံတော်၌ လူဦးရေနည်းပါးချိန်တွင် မကွေးတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း နိုင်ငံတော်၌ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားသုံးဆီလိုအပ်ချက်ရှိလာပြီး ပြည်ပမှ စားအုန်းဆီများကို အတိုင်းအတာဖြင့် တင်သွင်းနေရကြောင်း။

အားပေးစီစဉ်

ထို့ကြောင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးပြီး မကွေးတိုင်းကဲ့သို့ နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာစေရန် မိမိတို့ အားပေးစီစဉ်ခဲ့ကြောင်း။

ဆီအုန်းစိုက်ပျိုးနိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ လုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းအောင်မြင်ရေးအတွက် နိုင်ငံတော်က အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်း ပေးခဲ့ရာ ယခုကဲ့သို့ ဆီအုန်းခြံများ အောင်မြင်စွာပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း။

ပြုစုပျိုးထောင်မြေတောင်မြှောက်ပေး

ဆီအုန်းလုပ်ငန်းရှင်များအပါအဝင် မိမိတို့၏ တိုင်းရင်းသားလုပ်ငန်းရှင်များအား ချမ်းသာသော နိုင်ငံသားများ၊ လုပ်ရည်ကိုင်ရည်ရှိသော စီးပွားရေး လုပ်ငန်းရှင်များဖြစ်လာအောင် မိမိတို့ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေး လျက်ရှိကြောင်း။

တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက်ကို နားလည်သိရှိပြီး တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးတို့အတွက် စေတနာထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဆီအုန်းဧကငါးသိန်းကို စောနိုင်သမျှ စောစွာ စိုက်ပျိုးပြီးစီးရေး အားထုတ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စားသုံးဆီဖူလုံရေးအတွက်သာမက ဆန်စပါး ဖူလုံပိုလျှံရေးအတွက်လည်း စပါးတင်းသန်း၁၅၀၀ထွက်ရှိရေးရည်မှန်းချက်ချ၍ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ကြိုတင်စီစဉ်ဆောင်ရွက်

နောင်တိုးပွားဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ပြည်သူများအတွက် စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ရခြင်းမရှိစေရန် မိမိတို့ယခုကတည်းက ကြိုတင်စီစဉ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေနေရာများ၌ ဇီဝလောင်စာရရှိရေး အတွက် ကြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းတို့သည် ယုဇနကုမ္ပဏီလီမိတက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဆီအုန်း စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအား နှုတ်ဆက်သည်။

ဆက်လက်၍ ခင်းကျင်းစီစဉ်ပြသထားသည့် ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ခင်းများမှထွက်ရှိသော ဆီသီးခိုင်နမူနာများ၊ စက်ယန္တရားသုံး ပစ္စည်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီလီမိတက်၏ တစ်နာရီ တန်၃၀ကျ ဆီကြိတ်စက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆီကြိတ်စက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသကြပြီး ဆီကြိတ်နမူနာတို့ကိုလည်း ပြသကြသည်။

အမှတ်တရစိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီလီမိတက် ဧည့်ခန်းမဆောင်ရှေ့၌ ဆီအုန်းပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယုဇနကုမ္ပဏီလီမိတက်သည် ၁၉၉၉ခုနှစ်မှ စတင်၍ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့၌ မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ဆီအုန်း ၆၇၂၇၂ဧက စိုက်ပျိုးပြီးဖြစ်သည်။ ယုဇနကုမ္ပဏီလီမိတက် အနေဖြင့် ဆီအုန်းဧကတစ်သိန်း စိုက်ပျိုးရန်လျာထားပြီး ၂၀၀၇ခုနှစ်တွင် ဧကတစ်သိန်း အပြည့်အဝစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စမ်းသပ်လည်ပတ်

ယုဇနကုမ္ပဏီလီမိတက်အနေဖြင့် ကော့သောင်းမြို့နယ် ခမောက်ကြီး ဒေသ၌ တစ်နာရီ ဆီသီးတန် ၃၀ကျဆီကြိတ်စက်ရုံကို ပြည်ပမှ မှာယူ တည်ဆောက်ခဲ့ပြီး ၂၀၀၅ခုနှစ် ဧပြီ၆ရက်မှစ၍ စမ်းသပ်လည်ပတ်လျက်ရှိပြီး ရန်ကုန်တိုင်း သာကေတမြို့နယ် ပဲခူးမြစ်ကမ်းဘေး၌ တစ်နေ့လျှင် တန်၄၀၀ သန့်စင်နိုင်သည့် ဆီချောစက်ရုံကိုလည်း တည်ဆောက်လျက်ရှိရာ ၉၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယုဇနကုမ္ပဏီလီမိတက်နည်းတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခြား ကုမ္ပဏီများသည်လည်း ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများကို တနင်္သာရီ တိုင်းအတွင်းရှိ ဒေသအသီးသီး၌ အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိကြ သည်။

ဆီကြိတ်စက်ရုံကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီ လီမိတက်၏ ဆီကြိတ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီးနောက် မော်တော်ယာဉ် များဖြင့် ကော့သောင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကော့သောင်းမြို့သို့ရောက်ရှိပြီးနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ မဋ္ဌုူသကခန်းမ၌ ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စားသုံးဆီဖူလုံရေးသာမက ဆန်စပါးဖူလုံပိုလျှံရေး စပါးတင်းသန်း ၁၅၀၀ ထွက်ရှိအောင် ရည်မှန်းချက်ချမှတ်ဆောင်ရွက် ဆီအုန်းစိုက်ပျိုးခြင်းမရှိသည့်မြေနေရာများ၌ ဇီဝလောင်စာရရှိရေးအတွက် ကြစည်းရိုးကြက်ဆူပင်များစိုက်ပျိုး

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးလှဌေးက မြို့နယ်၏ စပါးစိုက်ပျိုးမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း၊ ကြက်ဆူစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုများ၊ စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တာပတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုများ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှုများ၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးဆိုင်ရာများ၊ လူတစ်ဦးချင်းဝင်ငွေအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ခရိုင်နှင့်စပ်လျဉ်းသည်များကို တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့က ကော့သောင်းခရိုင် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကော့သောင်းဒေသခံပြည်သူများက ဝန်ကြီးဌာနလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြောကြားကြသည်။

သယံဇာတပေါကြွယ်ဝ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ကော့သောင်းဒေသ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို မေးမြန်းပြီး အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းသည် ရေသယံဇာတရော၊ မြေသယံဇာတပါ ကြွယ်ဝသည့် တိုင်းဖြစ်ကြောင်း။

ယင်းသဘာဝအရင်းအမြစ်အခြေခံများနှင့် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ အဆက်အစပ်ရှိရှိ ပေါင်းစပ်မိလာသည်နှင့်အမျှ တနင်္သာရီတိုင်းသည် ယခင်ကထက် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ စီးပွားရေးအခွင့်အလမ်း၊ ပညာရေးအခွင့်အလမ်း၊ ကျန်းမာရေးအခွင့်အလမ်းများသည် ခိုင်မြဲစွာ ပေါ်ထွက်လာပြီးဖြစ်ကြောင်း။

ပုံမှန်ကုန်သွယ်မှုစနစ်

ကော့သောင်းမြို့သည် တစ်ဖက်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေသည့် မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှည်၌ နိုင်ငံတော်ရော မိမိတို့ကုန်သည်များအတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်ရန်အတွက် နယ်စပ်ကုန်သွယ်မှုစနစ်မှ ပုံမှန်ကုန်သွယ်မှုစနစ်သို့ ပြောင်းလဲကျင့်သုံးရန် လိုအပ်ရာ ပုံမှန်ကုန်သွယ်မှုစနစ် ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်းဒေသအသီးသီး မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာရန်၊ ပြုပြင်ပြောင်းလဲတည်ဆောက်လျက်ရှိသည့် ခေတ်သစ်၊ စနစ်သစ်၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ မျှဝေခံစားရစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ယင်းဆောင်ရွက်ချက်များအပေါ် ပြည်သူများအား ကိုယ်စားပြုလျက်ရှိသည့် လူမှုရေးအသင်းအဖွဲ့များကလည်း တက်ကြွစွာတုံ့ပြန်ကြိုဆို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားကိုရယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပန်းတိုင်သို့ ရောက်ရှိအောင် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

တိုးမြှင့်ပေးခဲ့

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မဥ္ဇူသကခန်းမသို့ ရောက်ရှိလာပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား နှုတ်ဆက်မှာကြားရာ၌ ယခင်က ဤကော့သောင်းဒေသသည် ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသည့် မြို့နယ်တစ်ခုဖြစ်ခဲ့ကြောင်း၊ မိမိတို့လက်ထက်၌ ကော့သောင်းဒေသအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့်ထိစပ်လျက်ရှိသည့် မူဆယ်၊ တမူး၊ မောင်တော၊ တာချီလိတ်၊ မြဝတီ စသည့် နယ်စပ်ဒေသများကို မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ တိုးမြှင့်ပေးခဲ့ကြောင်း။

ရည်ရွယ်ချက်မှာ တစ်ဖက်အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာ၌ တန်းတူရည်တူ ဆက်ဆံနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

ယခုအခါ ကော့သောင်းမြို့နှင့် ယင်းနယ်စပ်မြို့အားလုံးသည် ခရိုင်မြို့ကြီးများအဖြစ် စည်ပင်ဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း။

မျိုးချစ်စိတ်ဓာတ်ရှိရှိ

ဒေသခံပြည်သူများနှင့် ဝန်ထမ်းများကလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နယ်စပ်မြို့ဖြစ်သည်နှင့်အညီ သိက္ခာရှိရှိ၊ မျိုးချစ်စိတ်ဓာတ်ရှိရှိဖြင့် ကျင့်ကြံနေထိုင်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

ဘုရင့်နောင်မင်းတရားကြီးရုပ်တုကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ဘုရင့်နောင် ကုန်းမြေသို့ သွားရောက်ကြပြီး ဘုရင့်နောင်ကုန်းမြေ သာယာလှပရေးဆောင်ရွက်ထားမှုများ၊ ကုန်းမြေပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုကြသည်။ ဆက်လက်၍ ဘုရင့်နောင်မင်းတရားကြီးရုပ်တုကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဘုရင့်နောင်အငူကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ကမ်းနားတစ်လျှောက်နှင့် ကော့သောင်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ရှုခင်းသာကုန်းသို့သွားရောက်ကြပြီး ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများကို ကြည့်ရှုကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ဝင်ရောက်ကြပြီး အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများအား တွေ့ဆုံနှုတ်ဆက်ကြသည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့်မြို့နယ်အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြို့မိမြို့ဖများအား အမှာစကားပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သစ်ပန်းတိုင်သို့ရောက်ရှိအောင် အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်သွားမည်

- ❑ နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်း ဒေသအသီးသီး မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာရန်၊ ပြုပြင်ပြောင်းလဲ တည်ဆောက်လျက်ရှိသည့် ခေတ်သစ်၊ စနစ်သစ်၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ မျှဝေခံစားရစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ။
- ❑ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားကိုရယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပန်းတိုင်သို့ရောက်ရှိအောင် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်။

စာမျက်နှာ ၇ မှ

အထူးသဖြင့် ပဲခူးတိုင်း(အနောက်) ပိုင်းတွင် ဆည်တမံပေါင်း ၁၅ ခုကို အစုအဖွဲ့ဖြင့် တည်ဆောက်ပေးနိုင်ခဲ့သဖြင့် လယ်ဧကပေါင်း ၁၁ သိန်းငါးသောင်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး ပဲခူးရိုးမနှင့် ဧရာဝတီမြစ်အကြား ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်း ကားဖြင့်သွားသွား၊ ရထားဖြင့်သွားသွား စိမ်းစိုအေးမြနေသည့်လယ်ကွင်းကြီးများကို ၁၂ ရာသီမပြတ် မျက်စိတစ်ဆုံးမြင်နေရသည်မှာ ဒေသအတွက်ရော နိုင်ငံအတွက်ပါ အလွန်မှ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံလှကြောင်း။

အားပေးမြှင့်တင်

ဈေးကွက်စီးပွားရေးစနစ်ကို လမ်းဖွင့်ပေးခဲ့သည့် တပ်မတော်အစိုးရသည် နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် ဆန်စပါးဝယ်ယူမှုစနစ်ကို ပြန်လည်သုံးသပ်ပြီး ရဲရဲတင်းတင်း ပြုပြင်ပြောင်းလဲခဲ့သည့်အတွက် လယ်သမားများ၏ ဈေးကွက်အပေါ် ယုံကြည်စိတ်ချမှုကို အာမခံပေးနိုင်ခဲ့ပြီး လယ်ယာလုပ်ငန်းတွင် စိတ်ချလက်ချ စိတ်ရောကိုယ်ပါ မြှုပ်နှံလုပ်ကိုင်လိုစိတ်ကို အားပေးမြှင့်တင်နိုင်ခဲ့ကြောင်းကို တွေ့ရှိရကြောင်း။

တစ်ခဲနက် ကြွေးကြော်

ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

ခိုင်မာပြည့်စုံသည့် အခြေခံဥပဒေအမြန်ဆုံးရေးဆွဲနိုင်ရေးအလေးထားဆောင်ရွက် ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိစေမည့်အမျိုးသားညီလာခံကျင်းပနေ

ယနေ့တွင်တော့ မူများ၊ စနစ်များ ပြောင်းခဲ့ပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် အခြေခံအဆောက်အအုံများ တိုးတက်လာသဖြင့် ရာသီဥတုကို မှီနေရသည့် ဘဝက ကင်းလွတ်ခဲ့ပြီဖြစ်ကြောင်း၊ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြစ်လာသဖြင့် သီးနှံထွက်ကုန်အတွက် ဈေးကွက်နှင့်ဈေးနှုန်းမှာ မိမိ၏ဆန္ဒနှင့်အညီ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိလာပြီဖြစ်ကြောင်း၊ မိမိအတွက် အကျိုးအမြတ်ရှိမည့် ဈေးနှုန်းနှင့်ဈေးကွက်ကို ရှာဖွေစောင့်ဆိုင်း ရွေးချယ်နိုင်သည့်အတွက် အခွင့်အရေးများ ရလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံအထွက်တိုးရန်လိုအပ်သည့် သွင်းအားစုများကို ရှာဖွေထည့်သွင်းပြီး ရာသီမလပ် စိုက်ပျိုးနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း၊ မိမိတို့ ပဲခူးတိုင်းအနောက်ပိုင်းဒေသ၏အခြေအနေကို ပြန်ကြည့်လျှင် ၂၀၀၅-၂၀၀၆ခုနှစ် ဒီဇင်ဘာလကုန်အထိ ၂၀၀၄-၂၀၀၅ခုနှစ် ဒီဇင်ဘာလကုန်အပေါ် ၁၈၃သမ၃ရာခိုင်နှုန်း အထိ တရိပ်ရိပ်တိုးတက်လာသည်ကို အားရစဖွယ် တွေ့ရမည်ဖြစ်ပါကြောင်း။

တပ်မတော်အစိုးရသည် ရှောင်လွှဲ၍မရသည့် အခြေအနေကြောင့် နိုင်ငံတော်တာဝန်ကိုယူထားရခိုက်တွင် နိုင်ငံတော်နှင့်ပြည်သူတို့ အကျိုးစီးပွားအတွက် အနှောင့်အယှက် ခလုတ်ကန်သင်းမှန်သမျှကို ဖယ်ရှားရှင်းလင်းခဲ့ပြီး လူမှုရေး၊ စီးပွားရေး အခြေခံအဆောက်အအုံ အများအပြားကို နေ့စဉ်နှင့်အမျှ မနေ့ကနှင့် ယနေ့မတူရအောင် တိုးချဲ့တည်ဆောက်ပေးခဲ့သကဲ့သို့ တည်ဆောက်ပေးနေဆဲလည်းဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

တပ်မတော်အစိုးရသည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် ရုပ်ဝတ္ထုအခြေခံကောင်းများအပြင် နိုင်ငံရေး၊ စီးပွားရေး နယ်ပယ်ကဏ္ဍအစုံတွင် ဒီမိုကရေစီအနှစ်သာရများကို ခံစားရရှိနိုင်ရန်အတွက် ခေတ်အမီဆုံး၊ ဒီမိုကရေစီနည်းလမ်းအကျဆုံး၊ နိုင်ငံတော်အတွက် အသင့်တော်ဆုံး အခြေခံဥပဒေတစ်ရပ် ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အမျိုးသားညီလာခံကြီးက အခြေခံမူများ ချမှတ်နိုင်ခဲ့ရာတွင် အနာဂတ်နိုင်ငံတော်၌ ဈေးကွက်စီးပွားရေးကို ကျင့်သုံးရေးအပါအဝင် စီးပွားရေးနှင့်ပတ်သက်သည့် အခြေခံမူ (၇)ချက် ထည့်သွင်းချမှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ တောင်သူလယ်သမားများနှင့် စပ်လျဉ်းသည့် အခြေခံမူများထဲတွင် လယ်သမားများအခွင့်အရေးကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် နိုင်ငံတော်က ကူညီဆောင်ရွက်ဖို့ပါ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

အလားတူပင် စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာအရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းမည်ဟု ထည့်သွင်းဖော်ပြ အာမခံချက်ပေးထားသဖြင့် ဤအခြေခံဥပဒေ အမြန်ဆုံးရေးဆွဲပြီးစီး အတည်ပြုနိုင်သည်နှင့်အမျှ မိမိတို့ တောင်သူလယ်သမားများအပါအဝင် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး အခြေအနေအရပ်ရပ်သည် ပို၍ပို၍သာ မြင့်မားလာမည်၊ နိုင်ငံတော်ကလည်း ဥပဒေနှင့်အညီ အကူအညီ အထောက်အပံ့များနှင့် ပို၍ပို၍ စောင့်ရှောက်နိုင်လာမည်ဆိုသည်မှာ အသေအချာကို မှန်းဆလို့ရသည့် တောက်ပသော အနာဂတ်များဖြစ်ပါကြောင်း။

တင်ပြခဲ့သည့် အခြေအနေအချက်အလက်များအရ ကျင်းပဆဲအမျိုးသားညီလာခံကြီးစနစ်တကျ ကျင်းပအောင်မြင်ပြီး အဘက်ဘက်က ပြည့်စုံခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်နှင့်အတူ ခေတ်မီဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးခရီးလမ်းတွင် မိမိတို့တောင်သူလယ်သမားများအပါအဝင် ပြည်သူတစ်ရပ်လုံးက တက်ကြွစွာပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း မိမိ၏ထောက်ခံတင်ပြချက်ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေး တင်ပြသွားသည်။

အောင်မြင်စွာကျင်းပ

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ပေါင်းတည်မြို့နယ်မှ တရားရုံးချုပ်ရှေ့နေ ဦးစိုးသန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ညီလာခံကျင်းပခြင်းနှင့် ပတ်သက်သည့် အဆင့်ဆင့် ဆောင်ရွက်မှုများကို လေ့လာကြည့်သည့်အခါတွင် နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲမတိုင်မီ ခြောက်လလောက်အလိုကပင် ရွေးကောက်ပွဲပြုလုပ်ပေးရန်၊ ရွေးကောက်ပွဲပြီးသည်နှင့် ချက်ချင်းအာဏာလွှဲပြောင်းရန် မဖြစ်နိုင်သေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး အခြေခံဥပဒေနှင့်အညီသာလျှင် အစိုးရဖွဲ့စည်းရန်စသည့်အချက်များကို တရားဝင်ရှင်းလင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ကတိနှင့်အညီ တရားမျှတမှုအရှိဆုံး ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးခဲ့ကြောင်း၊ ရွေးကောက်ပွဲပြီးသည်နှင့် အခြေခံဥပဒေပေါ်ပေါက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည် ဆိုသည့်အချက်ကိုလည်းတွေ့ရကြောင်း အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကို စတင်ကျင်းပခြင်းမပြုမီတွင် အစိုးရမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလနှင့် ပါတီအသီးသီးမှ ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသူများတွေ့ဆုံကြပြီး အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြကြောင်း။

အပြန်အလှန်ဆွေးနွေးညှိနှိုင်း

ဤညှိနှိုင်းအစည်းအဝေးတွင် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးမှ အမျိုးသားညီလာခံ၏ ဦးတည်ချက်ခြောက်ရပ်ကို အများသဘောတူ ဆုံးဖြတ်သတ်မှတ်ခဲ့ကြပြီး ဤဦးတည်ချက်များအတိုင်းပင် သုံးနှစ်တာခရီးအတွင်းတွင် စိတ်တူသဘောတူ အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီရေးကို မျက်ခြည်ပြတ်မခံသည့် တပ်မတော်အစိုးရသည် ဒီမိုကရေစီလမ်းစ၏ ပထမခြေလှမ်း မလွဲမသွေဖြတ်သန်းရမည့် အမျိုးသားညီလာခံကို မဖြစ်မနေ ပြန်လည်ကျင်းပနေပြီဖြစ်ပါကြောင်း၊ အဆိုးထဲက အကောင်းဟု ယူဆနိုင်သည့်အချက်တစ်ခုမှာ ဤကာလတွေအတွင်းတွင် တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို အားသွန်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုပြန်လည်ကျင်းပသည့် ညီလာခံတွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ ပိုမိုစုံညီစွာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာခဲ့သည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့နှင့် အခြားအဖွဲ့များမှ ကိုယ်စားလှယ် ၁၀၅ဦး အပါအဝင် ကိုယ်စားလှယ် အရေအတွက်သည် ၁၀၈၁ဦးထိ တိုးတက်ပြီး အတွေးအမြင် အယူအဆ ပိုမိုစုံလင်စွာ ဆွေးနွေးတိုင်ပင်နိုင်ခွင့် ရရှိလာခြင်းပင်ဖြစ်ပါကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံ၏ အပိုင်းတစ်ပိုင်းကို ၂၀၀၄ခုနှစ် မေလ၁၇ရက်တွင် ပြန်လည်ကျင်းပခဲ့ပါကြောင်း။

အရှိန်အဟုန်ဖြင့်ချီတက်နေ

အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အပြောနှင့်မဟုတ်ဘဲ လက်တွေ့ဖော်ဆောင်ချင်သည့် နိုင်ငံတော်အစိုးရသည် ပြန်လည်ကျင်းပမည့် ညီလာခံကြီးတွင် ပါတီအားလုံးနှင့် ကိုယ်စားလှယ်အားလုံး စုစည်းညီညွတ်စွာ ပါဝင်ဆွေးနွေး ညှိနှိုင်းရေးကိုမျှော်မှန်းပြီး ကာယကံရှင်က ခွင့်မတောင်းသော်လည်း သဘောထားကြီးစွာ တလေးတစား ဖိတ်ကြားခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ တကယ်စတင်ကျင်းပသည့်အခါတွင်လည်း နိုင်ငံရေးပါတီတစ်ခုကလွဲပြီး နိုင်ငံတော်ရှေ့ရေးအတွက် အားတက်သရောပါဝင်တက်ရောက်ဆွေးနွေးနေကြသည်ကို အားရဖွယ်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီကိုးခုနှင့် ရွေးချယ်ခံကိုယ်စားလှယ်များအပါအဝင် အစုအဖွဲ့ရှစ်ဖွဲ့စလုံးက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေကြသည့်အတွက် ညီလာခံတစ်ပိုင်းပြီးတစ်ပိုင်း အရှိန်အဟုန်ဖြင့် ရှေ့သို့ချီတက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပနေခြင်းနှင့်စပ်လျဉ်းပြီး အထူးအလေးပေးတင်ပြလိုသည့်အချက်တစ်ရပ်မှာ "ညီလာခံတရားဝင်ဖြစ်မှုနှင့် ညီလာခံကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"ကိစ္စပင်ဖြစ်ပါကြောင်း၊ လူထုပရိသတ်ကြီးအနေဖြင့် ရှင်းရှင်းလင်းလင်းသိရှိထားစေလိုသည်မှာ "နိုင်ငံတစ်နိုင်ငံသည် အခြေခံဥပဒေတစ်ရပ်ရေးဆွဲရန်အလို့ငှာ အမျိုးသားညီလာခံကို ဤသို့ကျင်းပရမည်၊ ဤပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းချက်ဥပဒေ ကမ္ဘာတွင် ယနေ့အထိ မရှိသေးဘူးဆိုသည့် အချက်ပင်ဖြစ်ပါကြောင်း။

ကိုယ့်နည်းကိုယ့်ဟန် စဉ်းစားရေးဆွဲ

နိုင်ငံအသီးသီးတွင် နေရာဒေသ၊ လူဦးရေ၊ လူမျိုးစုကွဲပြားမှု၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံ ကွဲပြားမှုများရှိနေကြသည်ဖြစ်သည့်အတွက် တညီတညာတည်း စံထားထိုက်သော အခြေခံဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုသည်လည်း မရှိနိုင်ပါကြောင်း၊ သဘာဝလည်းမကျသည့်ကိစ္စဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လက်ခံကျင့်သုံးနေကြသော အခြေခံဥပဒေများသည် ဤနိုင်ငံများ၏ ပကတိအခြေအနေနှင့် လိုက်ဖက်စွာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စဉ်းစားရေးဆွဲခဲ့ကြပြီး ပကတိအရှိတရားနှင့် လိုက်လျောညီထွေဖြစ်ရန် မယိမ်းမယိုင် တည်တံ့ခိုင်မာနေသည့် နိုင်ငံများအဖြစ် တည်ရှိနေသည်မှာလည်း တကယ့်အမှန်တရားပင်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံသည် အထက်ကတင်ပြခဲ့သည့်အတိုင်း နိုင်ငံရေးပါတီအင်အားစုများကိုလည်း မပစ်ပယ်၊ အရွေးချယ်ခံပုဂ္ဂိုလ်များလည်း ပါဝင်ခွင့်ရပြီး မျှတညီညွတ်စွာ တွေးခေါ်နိုင်စွမ်းရှိသည့် နယ်ပယ်စုံအလွှာစုံက ကိုယ်စားလှယ်တော်ကြီးများက အနာဂတ်နိုင်ငံတော်ကို အကောင်းဆုံးပုံဖော်ရန် ကြိုးပမ်းနေကြသည့် ညီလာခံဖြစ်ကြောင်း၊ ပကတိအခြေအနေ သမိုင်းရေးအခြေခံများနှင့် လိုက်လျောညီထွေစွာ အနာဂတ်အတွက် လမ်းခင်းချမှတ်ထားသည့် အခြေခံမူ များလည်း ရရှိပြီးဖြစ်သဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူအများ၏ ရင်ထဲကသဘောထားကို တရားမျှတစွာ ဖော်ထုတ်ဆွေးနွေးနေသည့် အမျိုးသားညီလာခံကြီး တရားဝင်အောင်မြင်ပြီးမြောက်ပါစေကြောင်း ဆုတောင်းရင်း ထောက်ခံတင်ပြအပ်ကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

တိုင်းကျိုးပြည်ပြုလုပ်ငန်းများ

ဆက်လက်၍ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ပဲခူးတိုင်း(အနောက်) စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးနိုင်ဝင်းထွန်း(အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့ တပ်မတော်တစ်ရပ်လုံး၌ရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှသည် အောက်ခြေတပ်သားအဆင့်ထိ ပုဂ္ဂိုလ်အားလုံးသည် မိမိကဲ့သို့ နိုင်ငံတော်ကို ချစ်သည့်စိတ်၊ နိုင်ငံတော်ကာကွယ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ရှေ့တန်းကျကျ အနစ်နာခံသယ်ပိုးလိုစိတ်အရင်းခံဖြင့် တပ်မတော်ထဲကို ဝင်ရောက်ခဲ့ကြသူများဖြစ်သည့်အတွက် ဤပုဂ္ဂိုလ်များ အကောင်အထည်ဖော် ဆောင်ရွက်နေသော တိုင်းကျိုးပြည်ပြု လုပ်ငန်းများသည် တိုင်းပြည်အတွက် ဖြူစင်သည့် စေတနာအရင်းခံဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယုံမှားသံသယမရှိ အတိအလင်း ထောက်ခံလိုသည့်အတွက် ဤစင်မြင့်ပေါ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

တပ်မတော်ကို စတင်ဖွဲ့စည်းကတည်းက ယနေ့အချိန်အထိ မြန်မာနိုင်ငံ၌ စစ်မှုမထမ်းမနေရဆိုသည့် ဥပဒေမရှိသေးကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးတာဝန်များကို မိမိအပါအဝင် တပ်မတော်သားအားလုံးသည် မိမိတို့ဆန္ဒအလျောက် စွန့်လွှတ်စွန့်စားစွာ ထမ်းဆောင်ခဲ့ကြရာ၌ နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်ခန္ဓာစွန့်လွှတ်ကျဆုံးသူများ ရှိခဲ့ပါကြောင်း။

ထိန်းသိမ်းကာကွယ်ခဲ့

မိမိကဲ့သို့ပင် ခြေ၊ လက်၊ မျက်စိ စွန့်လွှတ်ခဲ့ရသူများအပါအဝင် ပြင်းပြင်းထန်ထန် အနာတရဖြစ်သူများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်း မချို့ယွင်းသည့်တိုင် ထိခိုက်ဒဏ်ရာရမှု ခံစားရသူ၊ ကြမ်းတမ်းသည့် စစ်ဆင်ရေးနယ်မြေနှင့် စစ်ရေးသဘာဝကြောင့်ဖြစ်ရသည့် နာဖျားမကျန်းမာမှုဒဏ်ကို ခံစားရသူ

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

အများအပြား ရှိခဲ့ပြီး သားတကွဲမယားတကွဲနှင့် ရက်လများစွာ အိုးပစ်အိမ်ပစ် စစ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ဤသို့ သမားရိုးကျ စစ်သားတာဝန်မျိုးအပြင် အချုပ်အခြာအာဏာကိုထိပါးလာမည့် ကိစ္စများ၌လည်း မလစ်သောသတိဖြင့် ထိန်းသိမ်းကာကွယ်ကြရပါကြောင်း၊ တပ်မတော်၏ မူလတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို အဓိက စောင့်ရှောက်ရခြင်း ဖြစ်သည့်အတွက် နိုင်ငံတော်မလုံမခြုံဖြစ်မည့် ပြိုကွဲပျက်စီး မီးဟုန်းဟုန်းတောက်မည့်အဖြစ်မျိုးမှာ မဖြစ်မနေလက်ဦးမှုရယူ ကာကွယ်ခဲ့ရခြင်းသည်လည်း မူရင်းတာဝန်ကို ထမ်းဆောင်ရခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့ ဘေးဒုက္ခအကျဉ်းအကျပ် ဆိုက်ရောက်ခဲ့ရသည့် ၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် အခြေအနေဆိုးများ ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် တပ်မတော်က သတိရှိရှိဝင်ရောက် စောင့်ရှောက်ပြီး နိုင်ငံလွတ်လပ်ရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ် မဆုံးရှုံးအောင် ထိန်းသိမ်းကာကွယ်ခဲ့ရခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်" ဟု အခြေခံမူ ချမှတ်ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တော်၌ ပြည်သူလူထုက ရွေးချယ်ခြင်းခံရသည့် ပုဂ္ဂိုလ်များသာပါသင့်သည်ဆိုသည့် အယူအဆသည် ကမ္ဘာ၌ရှိသည့် ဒီမိုကရေစီနိုင်ငံများ၏ လက်တွေ့လိုအပ်ချက်အရ ကျင့်သုံးနေပုံနှင့် ခြားနားနေပြီဖြစ်ကြောင်း၊ နိုင်ငံတိုင်းသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဒီမိုကရေစီကို လက်ခံကျင့်သုံးနေကြခြင်းဖြစ်ကြောင်း၊ ဗြိတိန်အထက်လွှတ်တော်၌ မူးမတ် ၆၈၈ ယောက်ကျော်ကို ရာသက်ပန်အမတ်များအဖြစ် ရွေးကောက်ပွဲမဝင်ဘဲ ခန့်အပ်ထားခြင်းရှိကြောင်း။

အမျိုးသားရေးရပ်တည်ချက်

အလားတူပင် ခေတ်မီဖွံ့ဖြိုးပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုလည်း အခိုင်အမာကျင့်သုံးနေပြီ ဖြစ်သည့်အပြင် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည့် ကနေဒါနိုင်ငံ၏ အထက်လွှတ်တော်၌ ကိုယ်စားလှယ် ၁၀၄ ယောက်ကို ရွေးကောက်ပွဲဝင်စရာမလိုဘဲ ခန့်အပ်ထားကြောင်း၊ အသက် ၇၄ နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ပြုထားကြောင်း၊ ယနေ့ ကမ္ဘာပေါ်၌ရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ ၃၈ နိုင်ငံ၏ လွှတ်တော်ကိုယ်စားလှယ်များထဲ၌ ကိုယ်စားလှယ် ၁၈၀၀ သည် ရွေးကောက်ပွဲဝင်စရာမလိုဘဲ ခန့်အပ်ထားခြင်းဖြစ်ကြောင်း၊ ၎င်းသည် လုပ်ကြံဖန်တီးချက်မဟုတ်သော ပကတိအရှိတရားဖြင့် သက်သေပြခြင်းဖြစ်ကြောင်း၊ တင်ပြခဲ့သည့်အချက်များအရ **အနာဂတ်နိုင်ငံရေးခရီး၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်နှင့် လက်တွဲမထားဘဲ နိုင်ငံရေးသမားများချည်းပဲ သွားမည်ဆိုလျှင် ခလုတ်ထိမှ အမိတရသည့်ကိန်းမျိုး ကြုံနိုင်ကြောင်း၊ နည်းပညာခေတ်ကြီးဖြစ်သည့်အတွက် အမိတရသည့်အချိန်တွင် သိပ်နောက်ကျသွားပြီဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အနာဂတ်အမျိုးသားနိုင်ငံရေး ဦးဆောင်မှု၌ တပ်မတော်က လေးပုံတစ်ပုံ တစ်နည်းအားဖြင့် ၂၅ ရာခိုင်နှုန်း ပါဝင်ပြီး နိုင်ငံရေးသမားများက လေးပုံသုံးပုံ တစ်နည်းအားဖြင့် ၇၅ ရာခိုင်နှုန်း ပါဝင်နိုင်ရန် အခြေခံမူများချမှတ်ထားခြင်းဖြစ်ကြောင်း၊** ဤနေရာတွင် တပ်မတော်ကို အမြင်မကြည်လင်သူ၊ အမျိုးသားညီလာခံအောင်မြင်မည်ကို မလိုလားသူများက လိုရာဆွဲပြီး လုပ်ကြံစွပ်စွဲရေးရှုထောင့်ကပဲ မလိုတမာပြောဆိုနေကြသည်ကို သတိပြုမိကြမည်ဖြစ်ပါကြောင်း၊ ယင်းတို့သည် အနာဂတ်နိုင်ငံတော်ကို တပ်မတော်ကပဲ ဦးဆောင်သွားမည်၊ ကိုယ်စားလှယ်လေးပုံတစ်ပုံကို ရွေးကောက်ပွဲမဝင်ဘဲ ပါဝင်စေခြင်းသည်လည်း ဒီမိုကရေစီနည်းမကျဘူး စသည်ဖြင့် ပြောဆိုဝေဖန်မှုများလည်းရှိကြောင်း၊ တကယ်တော့ မဖြစ်မနေလုပ်ကြရမည့် နိုင်ငံသားတိုင်း စိတ်ဝင်စားသင့်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို တကယ်စိတ်ဝင်စားစွာ လေ့လာမည်ဆိုလျှင် နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူ(၆)ချက်ထဲ၌ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်" ဟု အတိအလင်း ဖော်ပြထားကြောင်း၊ တပ်မတော်က ဦးဆောင်ရမည်ဟု ဖော်ပြထားခြင်းမရှိကြောင်း၊ အရေးပေါ်အခြေအနေ၌ ဥပဒေနှင့်အညီ တရားဝင်ပူးပေါင်းဆောင်ရွက်ခွင့်ရရန်အတွက် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟုပင် သုံးနှုန်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဤနေရာတွင်လည်း ကိုယ်စားလှယ်အချိုးသည် လေးပုံတစ်ပုံသာဖြစ်သည့်အတွက် သချာသဘောအရကြည့်လျှင်ကိုပင် တစ်ဆိုသည့်အရေအတွက်သည် သုံးဆိုသည့် အရေအတွက်ကို မည်ကဲ့သို့မျှ လွှမ်းမိုးနိုင်ခြင်း မရှိဘူးဆိုသည်ကို အားလုံးနားလည်နိုင်ပြီးသား၊ အလွန်ရှင်းလင်းသည့် အချက်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနည်းကျ အများဆန္ဒကိုလည်း ကျော်လွှားပစ်ပယ်ခြင်း မရှိကြောင်းကို တွေ့ရှိနိုင်ကြောင်း၊ **အမျိုးသားနိုင်ငံရေးအတွက် ဒေါင်ဒေါင်မည် မျိုးချစ်ပုဂ္ဂိုလ်များဖြင့် စတင်ဖွဲ့ခဲ့ပြီး အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ အလီလီကို သက်စွန့် ကြိုးပမ်းထမ်းရွက်လာခဲ့သည့် အစဉ်အလာကြီးမားခဲ့သော တပ်မတော်ကို အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များမှ ဖယ်ချန်ထားရန် ကြံစည်ကြိုးစားသူများသည် သမိုင်းဖြစ်ရပ်မှန်များပေါ်၌ သင်ခန်းစာမယူတတ်သူ၊ အမှန်တရားကို လက်မခံသူ၊ အာဃာတနှင့် အာဏာလောဘကြီးသူများသာ ဖြစ်နိုင်ကြောင်း၊ အမျိုးသားနိုင်ငံရေး၌ တပ်မတော်က ပါဝင်ထမ်းဆောင်ခြင်းသည် မှျတပြီး နိုင်ငံတော်တည်ငြိမ်ရေးအတွက် အာမခံချက်ရစေမည့် အမျိုးသားရေးရပ်တည်ချက်တစ်ရပ်ဖြစ်သည့်အတွက် စွန့်လွှတ်စွန့်စား စစ်သားဟောင်းတစ်ယောက် အနေဖြင့်သော်လည်းကောင်း၊ ပြည်သူတစ်ယောက် အနေဖြင့်သော်လည်းကောင်း လှိုက်လှဲစွာ ထောက်ခံပါကြောင်း**ဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ထောက်ခံကြောင်းကြေညာ

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက်၉နာရီတွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၅–၁–၂၀၀၆

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအ ဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ ဆပ်သွားတံတား
၈:၂၀ ၉။ အဆိုပြိုင်ပွဲ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Say it in English.

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နေခြည်နွေးနွေး"** (အပိုင်း–၂၃)
၁၁:၅၀ ၄။ ဝတီဖျားမုနန္ဒာကန် (အပိုင်း–၂)
၁၂:၀၅ ၅။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Dorocmon" (အပိုင်း–၂)
၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"ပန်းပျိုးမုဆိုး"** နေထက်လင်း၊မေသဥ္ဇာဦး (ဒါရိုက်တာ–ဟိန်းထက်)
၁၄:၄၀ ၇။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ–သက်တင်)
၁၄:၄၅ ၈။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၀ ၆။ အတီးပြိုင်ပွဲ
၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
၁၇:၃၀ ၈။ ဆိုကြမယ်ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း–၂)
၁၉:၁၅ ၁၂။ အကပြိုင်ပွဲ
၁၉:၂၅ ၁၃။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၉:၃၅ ၁၄။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **"ရောရွှေနဒီသက်သေတည်၍"** (အပိုင်း–၂) ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ–စင်ရော်မောင်မောင်)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၁၄)
၂၀။ အစီအစဉ်ပြီး၏။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့မှ ဦးစီးအရာရှိများ အကြိုလုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခန်းမဆောင်၌ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂျပန်နိုင်ငံ Kansai Electric Power INC မှ အင်ဂျင်နီယာပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အကျိုးရှိရှိ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက် အောင်မြင်ရေးအတွက် စာတွေ့၊ လက်တွေ့ ပို့ချပေးသည့် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်အောင် အလေးထား ဆည်းပူးလေ့လာကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က သင်တန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနရှိ သင်တန်းခန်းမများ၊ Library Exhibition Room၊ သင်တန်းသားအိပ်ဆောင်များနှင့် လှိုင်သာယာ၂၃၀ ကေဗွီ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်မှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြန့်ဖြူးမည်

အဆိုပါ လှိုင်သာယာဓာတ်အားခွဲရုံမှာ ရန်ကုန်အနောက်ပိုင်းနှင့် ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးအတွက် တည်ဆောက်နေခြင်းဖြစ်ပြီး လှိုင်သာယာဓာတ်အားခွဲရုံမှ ရေကြည်သို့ ၁၃၀ကေဗွီ နှစ်သိန်းသုံးသောင်းဗို့ ဓာတ်အားလိုင်း ၇၃ မိုင် သွယ်တန်းပြီးပါက ရေကြည် ဓာတ်အားခွဲရုံမှတစ်ဆင့် ရေကြည်၊မြောင်းမြ၊ ပုသိမ်၊သာပေါင်း၊ ဟသ်ာတဒေသများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယနေ့ ဖွင့်လှစ်သည့် ဦးစီးအရာရှိများ အကြိုလုပ်ငန်းခွင်ဝင်သင်တန်းသို့ မြို့ပြ၊ စက်မှု၊ လျှပ်စစ်အင်ဂျင်နီယာ ဦးစီးအရာရှိများနှင့် ဘူမိဗေဒ ဦးစီးအရာရှိများ စုစုပေါင်း ၆၄ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး မြန်မာ့စီးပွားရေး လုပ်ငန်းများ၏ ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့သို့ Daewoo International Corp (Myanmar E & P)မှ အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ၁၀ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ Daewoo International Corp (Myanmar E & P) မှ မန်နေဂျင်းဒါရိုက်တာ Mr. Suyeong Yang က အလှူငွေ ကျပ်သိန်း၅၀ကို အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ ဥက္ကဋ္ဌ Mr. Martin Chi Cheong ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူး၍ ပန်နာဆိုးနစ် ဘက်ထရီဖလား တံခွန်စိုက် အလေးမပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက် က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပင်နာဆိုးနစ် ဘက်ထရီ မိသားစုမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မျိုးထွန်းက အမျိုးသမီး အလွတ်တန်း ၄၈ကီလိုတန်းပြိုင်ပွဲ၌ ပထမရရှိသော ကြည်ကြည်သန်း (ရထားပို့ဆောင်ရေး–က) အား ဆုပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

လိုလိန်းဆံကေသာနှင့် အလှပြင်ခန်းမဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၄

Lolane Showroomနှင့် Hair & Beauty Centreဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်၁၀နာရီက ဝေဇယန္တာ Shopping Centre ၌ ပြုလုပ်ရာ Lolane မှ Managing Directorဦးလှဝင်းနှင့် ထိုင်းနိုင်ငံ SC Artislary Co.Ltd.,မှMr. Serie(**အပေါ်ပုံ**)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆံကေသာသရုပ်ပြပွဲနှင့် ဆံပင်အခမဲ့ညှပ်ပေးခြင်းများ ပြုလုပ်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

နည်းပညာစိန်ခေါ်မှုများ ရင်ဆိုင်နိုင်စွမ်းရှိသည့် လူ့ဘောင်ဖြစ်ရေး စာပေလောကသားများပူးပေါင်း သုတစာပေသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ ဖြိုးရေးအထောက်အကူဖြစ်၍ နိုင်ငံတော်ကိုအကျိုးပြု မိမိတို့အကျိုးစီးပွားထက် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ရေးသားထုတ်ဝေသူများကို ကျေးဇူးတင်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးကြပ်၍ သုတစွယ်စုံစာအုပ်တိုက်ကချီးမြှင့်သည့် ပထမအကြိမ် (၂၀၀၄ခုနှစ်အတွက်) သုတစွယ်စုံ စာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရစာပေပညာရှင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်များ၊ဂျာနယ်မဂ္ဂဇင်းများမှ တာဝန်ရှိသူများ၊ သုတစွယ်စုံ စာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦး–ဒေါက်တာခင်မိုးမိုးနှင့် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမျိုးသားရေးတာဝန်

သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့ခေတ်သည် ပညာခေတ် Knowledge Age ဖြစ်ပြီး ပညာရပ်နှင့် နည်းပညာများသည် ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို စာပေပညာရှင်ကြီးများ အသိပင်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း၌ လူ့ဘောင်၏ လုပ်ငန်းဆောင်တာမှန်သမျှကို နည်းပညာဖြင့် စေစားသုံးနေသော ကာလတွင် နည်းပညာနယ်ပယ်၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းအောင် မလိုက်နိုင်လျှင် နိမ့်ကျနောက်ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Live Long Learning Society) ဖြစ်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးလမ်းညွှန်ပြီး အနာဂတ်လူငယ်များအား နည်းပညာ ဖွံ့ဖြိုးမြင့်မားရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် ကာလတွင် ယခုကဲ့သို့ သုတစွယ်စုံစာပေဆု ချီးမြှင့်ခြင်းသည် နိုင်ငံတော်၏ အမျိုးသားရေး တာဝန်တစ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းလည်းဖြစ်၍ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် အသိအမှတ်ပြု ဂုဏ်ပြု ချီးကျူးလိုပါကြောင်း။

သုတစာပေ ရေးသားထုတ်ဝေသူများသည် မိမိတို့၏ ကိုယ်ကျိုးစီးပွားကိုသာ အဓိကမထားဘဲ နိုင်ငံနှင့် လူမျိုးအကျိုးကို စာပေဖြင့် အကျိုးပြုခြင်းဖြစ်ကြောင်း၊ သုတစာပေသည် အခြားစာပေများထက် အဆိပ်အတောက်ကင်းစင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသဖြင့် နိုင်ငံတော်ကို ရာနှုန်းပြည့်အကျိုးပြုကြောင်း၊ ယခုသုတစွယ်စုံစာပေဆု ချီးမြှင့်ခြင်းသည် သုတစာပေရေးသားသူနှင့် ထုတ်ဝေသူများကို အားပေး မြှင့်တင်ပေးရာရောက်ပြီး သုတစာပေများ ဆက်လက်ရေးသားထုတ်ဝေကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများကို နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးရည်မှန်းချက်မှာ အနာဂတ်ပညာနှင့် နည်းပညာများ၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အံ့ဝင်ခွင်ကျဖြစ်သော မြန်မာ့ပညာရေးစနစ်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ အခါတွင် အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာ အဆင့်များတွင်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကမ္ဘာကျော် အဆောက်အအုံများနှင့် တည်ဆောက်သူများစာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (သုတသိပ္ပံ)ဆုရ စာရေးဆရာ လှိုင်သင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျောင်းသား ကျောင်းသူများသည် မိမိတို့နေထိုင်ရာဒေသများ၌ပင် လွယ်လွယ်ကူကူ သက်သက်သာသာဖြင့် ပညာသင်ယူနေနိုင်ကြပြီ ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ဘာသာရပ်များကိုလည်းဆည်းပူးနိုင်ကြပြီဖြစ်ကြောင်း၊ ယင်းကိုပင် မလိုလားသော အဖျက်သမားများက မြန်မာနိုင်ငံပညာရေး နိမ့်ကျသကဲ့သို့ ပြောဆိုစွပ်စွဲနေကြကြောင်း၊ မိမိတို့ပညာရေးသည် ကမ္ဘာ့အဆင့်မီသင်ရိုး ညွှန်းတမ်းများအတိုင်း မြန်မာ့လူ့ဘောင်နှင့် ကိုက်ညီအောင် စီမံရေးဆွဲထားပြီး အချိန်ရသည်နှင့်အမျှ တက္ကသိုလ်၊ ကောလိပ်များ၏ အရည်အသွေးသည် ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကို နိုင်ငံတော်က ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ကျန်ပြည်သူလူထုတစ်ရပ်လုံး၏ ပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်ရေးကိုမူ ပြည်သူလူထုနှင့် စာပေလောကသားများက အဓိကဆောင်ရွက်ပေးရန် လိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပထမအကြိမ် (၂၀၀၄ခုနှစ်အတွက်) သုတစွယ်စုံ စာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညီညွတ်မျှတစွာ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် မြို့ပြလူထုသာ ဖွံ့ဖြိုးတိုးတက်ရုံဖြင့် မဖြစ်နိုင်ဘဲ ကျေးလက်ပြည်သူလူထုပါ နည်းပညာဗဟုသုတဖွံ့ဖြိုးရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူလူထု စာဖတ်သည့် အလေ့အကျင့်များ တိုးပွားလာစေရန်နှင့် စာအုပ်စာပေများလက်လှမ်းမီစေရန် နိုင်ငံတော်၏အား၊ ဒေသခံ ပြည်သူလူထု၏အားနှင့် စေတနာရှင်များ၏ အားဖြင့် ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ ၎င်းရည်မှန်းချက်ဖြင့် မိမိတို့ဝန်ကြီးဌာနက ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ဦးစားပေးဆောင်ရွက်ပေးနေသည်ကို အများအသိပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်အနက် ယနေ့အထိ ကျေးရွာစာကြည့်တိုက်ပေါင်း၄၈၃၅၂ခုဖွင့်လှစ်ပြီးဖြစ်ကြောင်း။

ကျန်ကျေးရွာများကိုလည်း ယခု ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း အပြီးဖွင့်လှစ်သွားရန်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအသီးသီးတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ အစီအစဉ်ဖြင့် စာအုပ်လှူဒါန်းပွဲများ ပြုလုပ်လှူဒါန်းနေခြင်းများရှိသကဲ့သို့ ရန်ကုန်မြို့တွင် စာအုပ်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲရှစ်ကြိမ် ပြုလုပ်ခဲ့ရာ စေတနာရှင်၆၀၀ကျော်က စာအုပ်စာတမ်းပေါင်း၁၇၄၈၆၃၄အုပ်နှင့် ငွေကျပ်၅၂၉သိန်းအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း၁၆၀၀ကျော်ဖိုး လှူဒါန်းခဲ့ကြကြောင်း၊ ၎င်းမှာ ကျေး

လက်နေ ပြည်သူလူထု ဗဟုသုတမြင့်မားရေးအတွက် နိုင်ငံတော်၊ စေတနာရှင်နှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှု အောင်မြင်မှုပင်ဖြစ်ကြောင်း၊ စာပေစိစစ်ရေး အနေဖြင့်လည်း နိုင်ငံတော် တည်ငြိမ်ရေး၊ လုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေးကို ထိခိုက်စေမည့် ရေးသားမှုမျိုးမှအပ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုလျက်ရှိကြောင်း၊ အမျိုးသားအကျိုးစီးပွားများကို မထိခိုက်စေဘဲ စာပေလောကနှင့် စာပေစိစစ်ရေးတို့ ညီညွတ်မျှတစွာဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့အကျိုးစီးပွားထက် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် သုတစာပေရေးသားထုတ်ဝေသူများကို ကျေးဇူးတင်ကြောင်း၊ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန် သွားနှင့်ခံတွင်း အကြောင်း သိကောင်းစရာ စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(အသုံးချသိပ္ပံ) ဆုရ ဒေါက်တာမိုလာအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရာစု၏ နည်းပညာစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသည့် လူ့ဘောင်ဖြစ်လာရေးအတွက် စာပေလောကသားများက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သုတစွယ်စုံစာပေတိုက်အနေဖြင့် ယခုကဲ့သို့ သုတစာပေဆုချီးမြှင့်သည့် အစဉ်အလာကို ဆက်လက်ဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးက (၂၀၀၄ ခုနှစ်အတွက်) ပထမအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ရခြင်း၏ အကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍သုတစွယ်စုံစာပေဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က ဆုရွေးချယ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက်(၂၀၀၄ခုနှစ်အတွက်) သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲကို ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဗိုလ်မှူးတင်မောင်(အငြိမ်းစား) [သိပ္ပံမှူးတင်]နှင့် ကမ္ဘာကျော်အဆောက်အအုံများနှင့်တည်ဆောက်သူများစာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (သုတသိပ္ပံ)ဆုရ စာရေးဆရာ လှိုင်သင်းတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သုတစွယ်စုံ စာပေဆုရ စာရေးဆရာများဖြစ်ကြသော သွားနှင့်ခံတွင်း အကြောင်းသိကောင်းစရာ စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(အသုံးချသိပ္ပံ)ဆုရ ဒေါက်တာမိုလာ၊ တကောင်းမှ အသစ်တွေ့ရှိမှုပျူအထောက်အထားများ စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(ဝိဇ္ဇာ)ဆုရ စာရေးဆရာ ချစ်စံဝင်းနှင့် ရိုတ်သိမ်းချိန်လွန် မြို့ပြနှင့် အခြားလူမှုစီးပွားအသုံးချဆောင်းပါးများ စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(စာပဒေသာ)ဆုရ စာရေးဆရာ အောင်မောင်းတို့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)တို့က ဂုဏ်ပြု ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဦးထင်ကြီး ဒစ်ဂျစ်တယ် စာကြည့်တိုက်အတွက် အလှူရှင်များဖြစ်ကြသော သုတစွယ်စုံ စာအုပ်တိုက်မှ ဒေါက်တာ တင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က လက်ခံသည်။

ဆက်လက်၍ သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က သုတစွယ်စုံ စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြရာ ဆုရွေးချယ်ရေး အဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင် ပညာရေးဝန်ကြီးဌာနဝန်ကြီး (အငြိမ်းစား) စာရေးဆရာ ဒေါက်တာ ကျော်စိန်က လက်ခံသည်။

ထို့နောက် သုတစွယ်စုံစာပေဆုရရှိကြသူများကိုယ်စား သုတစွယ်စုံ တစ်သက်တာ စာပေဆုရ ဗိုလ်မှူးတင်မောင်(အငြိမ်းစား)[သိပ္ပံမှူးတင်] နှင့် သုတစွယ်စုံ စာပေဆု(ဝိဇ္ဇာ)ဆုရ စာရေးဆရာချစ်စံဝင်းတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့သည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ သုတစွယ်စုံ စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေဆုရရှိကြသူများ၊ သုတစွယ်စုံ စာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာ ခင်မိုးမိုးတို့နှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

အစဉ်အလာကြီးမားသည့် ထွန်းပြောင်သန့်စင်သော တပ်မတော်၏စွမ်းဆောင်ချက်များ ပြည်သူများ၏ကြားတွင် စိမ့်ဝင်ပျံ့နှံ့သိရှိအောင် ဖော်ဆောင်ပေးရန်ရည်ရွယ် တပ်မတော်နေ့အကြို ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ အကြိုကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူးဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ပြိုင်ပွဲသည် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုကျင်းပသည် ပြိုင်ပွဲဖြစ်ကြောင်း၊ ပြိုင်ပွဲကို သမိုင်းအစဉ်အလာကြီးမားသည့် ထွန်းပြောင်သန့်စင်သော တပ်မတော်၏ စွမ်းဆောင်ချက်များကို ပြည်သူများ၏ ကြားတွင် စိမ့်ဝင်ပျံ့နှံ့ သိရှိအောင် ဖော်ဆောင်ပေးရန်နှင့် တပ်မတော်အစိုးရ၏ နိုင်ငံတော် တည်ဆောက်ရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ချက်များနှင့် ပကတိအမှန်တရားအတိုင်း သိရှိရန် အသင်းဝင်များ၏ ကိုယ်ရည်ကိုယ်သွေး သွက်လက်ထက်မြက်လာရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အသင်းကြီးဖွဲ့စည်းခဲ့သည့် ၁၂နှစ်ကျော်ကာလတွင် နှစ်စဉ်နှစ်တိုင်း တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲများကို မြို့နယ်အဆင့်မှ ဗဟိုအဆင့်အထိ နှစ်စဉ်မပျက် ကျင်းပခဲ့ကြောင်း။

အစွမ်းကုန်ကြိုးပမ်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အမျိုးသားရေး အင်အားစုကြီးဖြစ်သည့် အားလျော်စွာ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ချီတက်ရာတွင် မိမိတို့အသင်းဝင်များအနေဖြင့် ပြည်သူလူထုနှင့်အတူပူးပေါင်းလက်တွဲပြီးတက်ညီလက်ညီအစွမ်းကုန်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ သီရိသုမင်္ဂလာဒေါ်အေးမြတ်နွယ်က ငွေကျပ် ၅၀၀၀၀၀၊ ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါတိုင်းရင်းဆေးလုပ်ငန်း)က ငွေကျပ် ၁၀၀၀၀၀၊ ဦးထွန်းထွန်းဝင်း-ဒေါ်သီတာဝင်း မိသားစု(ထွန်းဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းအဖွဲ့)က ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် အကဲဖြတ်အမှတ်ပေးအဖွဲ့ခေါင်းဆောင်ခရိုင် ပညာရေးမှူး ဦးတင့်လွင်က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်မှ မောင်ဟိန်းသူအောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်မှ မဖြူဖြူညွန့်၊ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ မောင်ကျော်မောင်မောင်စိန်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်မှ မမေမြတ်နွယ်တို့က မိမိတို့ ခေါင်းစဉ်အလိုက် အသီးသီး ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုရရှိသူများအား ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဆုများကို ပေးအပ်ချီးမြှင့်ပြီး အကဲဖြတ်အမှတ်ပေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

> ### ဂုဏ်ပြုချီးမြှင့်
>
> အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် အသက်(၁၄)နှစ်နှင့်အောက် အာရှ တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ၂၀၀၆ ခုနှစ် အုပ်စု(၂) ပထမပတ်လည်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ၁၃ ရက်က သိမ်ဖြူတင်းနစ်အားကစားကွင်း၌ကျင်းပရာ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော မြန်မာနိုင်ငံမှ အောင်ကျော်နိုင်အား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ငွေကျပ်တစ်သိန်း ဂုဏ်ပြုချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (၂၁၀)

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၄

ဦးအောင်ဒင် အကြံပေးပုဂ္ဂိုလ် ရေနံဓာတုရုံးချုပ်သည် သန်လျင်ဂေါက်ကလပ်၌ ဇန်နဝါရီ ၁၁ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၃)သို့ ၁၉၃ကိုက်အကွာ Dunlop ဘောလုံးကို Callaway Irons No. 4 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

အတူကစားခဲ့

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးသောင်းမြင့်၊ ဦးငွေ၊ ဦးမြင့်ဦး၊ ဦးတင်စိုးတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော်ကို ယနေ့ နံနက်၁၀နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဓိဇဝါရိပ်သာမြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါ ဈေးရောင်းပွဲတော်သို့ နာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးနှင့်ဝန်ကြီးများ၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာရှိကြီးများ၏ ဇနီးများ၊ ဖိလစ်ပိုင်အမျိုးသမီး သံအမတ်ကြီးနှင့် အာဆီယံနိုင်ငံ သံအမတ်ကြီးများ၏ ဇနီးများနှင့် အာဆီယံ မဟုတ်သော အခြားသံရုံးများမှသံအမတ်ကြီးများ၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ သံတမန်မိသားစုများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ မိသားစုများ ပါဝင်တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော်တွင် နိုင်ငံအရပ်ရပ်မှ လက်မှုပညာပစ္စည်းများ၊ ထုတ်ကုန် ပစ္စည်းများ၊ စားသောက်ဖွယ်ရာဆိုင်ခန်းများကို ဖွင့်လှစ်ရောင်းချသည်။ ယင်းဈေးပွဲတော်မှ ရောင်းချရငွေများကို မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနှင့် သံရုံးများက လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းမည်ဖြစ်သည်။ ဈေးပွဲတော်သို့ ဧည့်သည်တော်များ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(အောက်ပုံ) (သတင်းစဉ်)

မဟာဗောဓိဆရာတော်၏ ဩဝါဒခံယူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကျေးဇူးတော်ရှင် မဟာဗောဓိဆရာတော်အား ရပ်ဝေးရပ်နီး တပည့်များက စုပေါင်း၍ (၆)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကို ၁၃၆၇ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်(ဇန်နဝါရီ ၁၈ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။ **(က-ပ)**

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အရိမဒ္ဒနပူရရွှေနန်းတော်တည်ဆောက်ရေးလုပ်ငန်းခွင်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ဇန်နဝါရီ ၁၃ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိ၍ အာနန္ဒာဘုရားသို့သွားရောက်ဖူးမြော်ကြည်ညိုပြီး အာနန္ဒာဘုရားပွဲတော်ကိုကြည့်ရှုသည်။ ယင်းနောက်ဝန်ကြီးသည် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရရွှေနန်းတော်ကြီး တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့သွားရောက်၍ နန်းတော်၏ အထွတ် ထုပိကာပုံစံကိုကြည့်ရှုစစ်ဆေးပြီး ကလသာအိုးပုံစံကို သတ်မှတ်ပုံစံအတိုင်း တိကျစွာပြုလုပ်ရန်နှင့် ပဥ္စပါဿဒပြာသာဒ်ကြီးပေါ်တွင် တပ်ဆင်မည့် မှန်ကင်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားကာ တောင်ဘက်တံတိုင်းမုခ်ပေါက် လျာထားတိုင်းတာသတ်မှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။ ထို့နောက်ဝန်ကြီးသည်ပုဂံရွှေဆံတော်ဘုရားအနောက်ဘက်ရှိ ဘုရားအမှတ်(၁၅၅၄)သယမ္ဗူဘုရားနှင့် ဘုရားအမှတ်(၁၄၆၇) လောကဥသျှောင်ဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၏အစည်းအဝေးကို ဇန်နဝါရီ ၁၃ရက်ကကျင်းပရာ သဘာပတိအဖြစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ဌေးသိန်း (ကျော်ဆောက်လုပ်ရေး)က ဆောင်ရွက်ပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များတက်ရောက်ကြသည်။

ရှေးဦးစွာအဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင် (Smart Technical)က မျိုးဆက်သစ် ကျောင်းသား ဟော်ကီအားကစားသမားများ မွေးထုတ်ရေး၊ ဘဏ္ဍာငွေရှာဖွေ စုဆောင်း သုံးစွဲရေးတို့ကို ဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်၊အာရှဟော်ကီအဖွဲ့ချုပ်တို့၏ ဟော်ကီဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံတာဝန်ခံ ဦးကျော်နိုင်က ဖေဖော်ဝါရီ ၃ရက်မှ ၈ရက်အထိ FIH မှ Grade 1Cooch လာရောက်ပြီး နည်းပြသင်တန်းဖွင့်လှစ်မည့် အစီအစဉ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှကူညီဆောင်ရွက်ပေးမည့် မြက်ခင်းအတုကို ရန်ကုန်မြို့တွင် MMM ဆောက်လုပ်ရေးနှင့် တည်ဆောက်မည့် အစီအစဉ်နှင့် ဆောက်ရွက်ထားရှိမှု၊ ဖေဖော်ဝါရီ ၃ရက်တွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမှတ်ပေးပြိုင်ပွဲနှင့် ပြိုင်ပွဲဝင် အသင်း ၁၂သင်းခန့် ပါဝင်ယှဉ်ပြိုင်မည့် အစီအစဉ်၊ အဆိုပါပြိုင်ပွဲမှ လက်ရွေးစင်များ ရွေးချယ်စခန်းသွင်း၍ အာရှအားကစားပြိုင်ပွဲ Doha ၂၀၀၆ အတွက် ထိုင်းနိုင်ငံတွင်ကျင်းပမည့် လက်ရည်စစ်ဇုန်ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် ပြင်ဆင်သွားမှုတို့ကို ရှင်းလင်းတင်ပြသည်။

အမှာစကား

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စန်း(ငြိမ်း)-ဒေါ်ခင်သန်းတင့်
တို့၏သား/မြေး
ဦးအောင်မြတ်-ဒေါ်စန်းဝင်းမာ တို့၏ သားကြီး

ဗိုလ်ဇေယျာမင်း

B.C.Sc (D.S.A), M.C.Sc Part(1)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်မူမူတင်တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာမေဇွန်အောင်ဝင်း

M.B.,B.S (YGN)

တို့၏ ၁၄-၁-၂၀၀၆ရက်(စနေနေ့)တွင် Sedona Hotel၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနား၌ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်အပ်ပါသော နိုင်ငံတော်အကြီးအကဲနှင့်ဇနီး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်အပ်ပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကိုတို့အားလည်းကောင်း၊ ၆-၁၁-၂၀၀၅ရက်(တနင်္ဂနွေနေ့)တွင် Mya Yeik Nyo Royal Hotel၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဦးသိန်းစိုး(ဒုတိယတရားသူကြီးချုပ်)နှင့်ဇနီး ဒေါ်ခင်မာတို့အားလည်းကောင်း၊ အသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာဦးဇော်ထွန်း (ရွှေကျားပုံဆောက်လုပ်ရေး)နှင့်ဇနီး ဒေါက်တာဒေါ်ဌေးဌေးကြည်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအား အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော ဒေါက်တာဦးခင်ရွှေနှင့်ဇနီး ဒေါ်စန်းစန်းကြွယ်(ဇေကမ္ဘာ)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ အခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော Lazy Club တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် Melody (Miss Romanson)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော အိမြတ်ညီညီကျော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာသီသီကျော်၊ သတို့သားအရန် ဗိုလ်ကြည်မင်းဦးနှင့် ဗိုလ်ဖုန်းမော်၊ သတို့သမီးအရန် ဒေါက်တာထိုက်ထိုက်ထွန်းနှင့် ဒေါက်တာသဉ္ဇာသိုက်၊ မေတ္တာဖြင့် စိန်ရတနာအလှဆင်ပေးသော အန်တီလု (The Rich Gems)၊ မင်္ဂလာဝတ်စုံ မမဥ္ဇူ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ယင်ပေးသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးသော Eternal Flower၊ မင်္ဂလာပွဲအခမ်းအနား မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးသော ဒါရိုက်တာအကယ်ဒမီ စင်ရော်မောင်မောင်နှင့် ဓာတ်ပုံရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူး၊ ရွှေအင်းသားခင်မောင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်များပေးပို့သည့် အကြီးအကဲများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ Mya Yeik Nyo Royal Hotel နှင့် Sedona Hotel တို့မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇေယျာမင်း-ဒေါက်တာမေဇွန်အောင်ဝင်း။

အမည်ပြောင်းခြင်း

ဦးလှဌေးဝင်း၏သား မောင်အောင်ထိုက်(ခ)သော်ဇင် ၁၃/လရန(နိုင်)၁၂၂၆၇၂အား ယနေ့မှစ၍ မောင်သန့်ဟိန်းသော် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်ဟိန်းသော်။



Account Care ဂျာနယ်(၄/၁၂)ထွက်ပြီ

☆ MAS 22 (သိန်းဟန်-၁)
☆ ဆမ်ဝေါ်လ်တန်၏ ဘဝဇာတ်ကြောင်း အခန်းဆက်ဆောင်းပါး (ရာမြင့်)
☆ စားသောက်ဆိုင်စာရင်းဘယ်လိုစစ်မလဲ-၃ (စာရင်းပညာရှင်တစ်ဦး)
☆ ဆရာကြီးဦးမော်သန်းနှင့်အင်တာဗျူး
☆ ကိန်းဂဏန်းများပြောသောစကား-၅ (မောင်ဆုရှင်)

Account Care ဂျာနယ်၏ သတင်းကောင်း (၆)လ၊ (၁၂)လ ကြိုတင်လပေးစနစ်ဖြင့် ယနေ့ထွက် ယနေ့အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

၃၅၇၊ ပထပ်၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-09-99 24707, 387468, 538579။

ဤစာအုပ်ကို သင်မဖတ်လျှင် တစ်ခေတ်နောက်ကျသွားလိမ့်မည်။

ကုမ္ပဏီပိုင်ရှင်ကြီးများနှင့် C.P.A များအတွက်
အထူးရေးသားထုတ်ဝေလိုက်သော
သိန်းဟန်-၁၏

၁။ စက်ရုံနှင့်ကုမ္ပဏီဝန်ထမ်းတာဝန်များ
၂။ ကုမ္ပဏီဘဏ္ဍာရေးစာအုပ်များ ဆိုင်ပေါ်ရောက်ပြီ။

၃၅၇၊ ပထပ်၊ (၃၉)လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။ ဖုန်း-387468, 538579, 09-99 24707

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အမြောင်ကန်ကျေးရွာရှိ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းအတွင်း၌ စက်ရေတွင်း တူးဖော်ရန်အတွက် ကျိုက်လတ်မြို့ ပတ္တမြားဆန်စက်ပိုင်ရှင် ဦးကြည်စွမ်-ဒေါ်တင်တင်ဝင်း မိသားစုက ငွေကျပ်သိန်း ၁၀၀ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဦးဇနိတ(ရေနံချောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေဘုန်းပွင့်စေတီလမ်းဖွင့်ပွဲ ခမ်းနားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း လှည်းကူးမြို့မှ ကံကော်ကျွန်းတောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာနဘုရားများနှင့်ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီ ကုန်းမြေအရောက် မြေသားလမ်းဖောက်လုပ်ခဲ့ရာ ပြီးစီးခြင်း အထိမ်းအမှတ် လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက်က ကျင်းပသည်။

လှူဒါန်း

ကျောက်ချောလမ်း ဖြစ်မြောက်ရေးအတွက် ဆက်လက်လှူဒါန်းလျက်ရှိကြရာ ဦးပိုလင်-ဒေါ်ညွန့်စိန် လှည်းကူးမြို့က ငွေကျပ် ၁၀၀၀၀၊ ဒေါ်လှစိန်မိသားစု ကျောက်မြောင်း ရန်ကုန်က ငွေကျပ် ၁၅၀၀၀၊ ဦးမြင့်စိုး-ဒေါ်ကြင်တီ ကျောက်မြောင်း ရန်ကုန်က ငွေကျပ် ၁၀၀၀၀၊ ဒေါ်စော ဒလမြို့က ငွေကျပ် ၅၀၀၀၊ ကိုစိန်ထွန်းအောင်-မညီညီသန်း ကျွန်းကလေး လှည်းကူးက ငွေကျပ် ၂၀၀၀၀၊ ဦးဟန်တင် - ဒေါ်တင်တင်ရီ လှည်းကူးက ငွေကျပ် ၁၀၀၀၀၊ ဦးတင်အေး-ဒေါ်သန်းသန်းအေး ကံကော်ကျွန်းက ငွေကျပ် ၅၀၀၀ တို့ကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒ(ရဝေစိုး)ထံဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

သီရိမင်္ဂလာစာသင်တိုက်ကြီး ပြန်လည်တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ သီရိမင်္ဂလာစာသင်တိုက်ကြီး ပြန်လည်တည်ဆောက်ရန် အလှူငွေများ လှူဒါန်းလျက်ရှိရာ ဇန်နဝါရီ ၃ရက်က ဦးသိဟ-ဒေါ်နီလာ၊ သား မောင်ရာဇာ၊ သမီး ဆုလေးနွယ်၊ ၃၂ သံတံတားလမ်း၊ စမ်းချောင်း မိသားစုက ငွေကျပ်၁၀သိန်း၊ ဗိုလ်မှူးကြီးထွန်းအောင်(ငြိမ်း) ဒေါက်တာဒေါ်ဖြူဖြူဝင်း မိသားစု ရွှေပြည်သာဆေးရုံက ငွေကျပ်နှစ်သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀၊ ဒေါ်ခင်ခင်ညွန့်၊ သမီး မနန္ဒ အမှတ် ၅၇ တိုက်(A) ဒုတိယထပ် အခန်း ၄ ဗဟိုလမ်း စမ်းချောင်းက ငွေကျပ်သုံးသိန်း၊ ဦးသိန်းညိုလွင်-ဒေါ်မူယာ၊ သားကြီး ကောင်းပြည့်စုံ၊ သားငယ် ဘုန်းလကျာ် (သိန်းမိသားစု) စမ်းချောင်းက ငွေကျပ်နှစ်သိန်း၊ ဦးသက်ထွန်း-ဒေါ်ဂျာလုံမိသားစု မနောဟရီရိပ်သာ စမ်းချောင်းမြို့နယ်က ဘုရားကျောင်းဆောင်တစ်ဆောင်အတွက် အလှူငွေများ လာရောက်လှူဒါန်းကြသည်။

သဒ္ဓါကြည်လင် ပါရမီရှင်များ လှူဒါန်းလိုပါက တိုက်အုပ်ဆရာတော်ဦးခေမာ ဖုန်း-၆၆၇၁၉၃နှင့် ဒေါ်မူယာ ဖုန်း-၅၁၂၁၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရွှေတိဂုံစေတီတော်(စနေထောင့်)၊ ရွှေတောင်ငွေတောင်တန်ဆောင်း နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၂၃)ကြိမ်မြောက် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်းရှိ ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ကျင်းပရာ အဘိဓမ္မာ ၉၈ဦး၊ ဂုဏ်ထူးဆောင် အဘိဓမ္မာ ၃၄ဦးနှင့် ဝိသုဒ္ဓိမဂ် ၄၆ဦးဖြေဆိုကြကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးဟုတ်ကြည်-ဒေါ်တင်ဦး(ထွန်းလှပွဲရုံ)မိသားစုတို့က အလှူငွေကျပ် ၃၂သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးလှမြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆိပ်ဖြူမြို့နယ်၌ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဖွင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေး အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဇန်နဝါရီ ၃ ရက်က ဆိပ်ဖြူမြို့ ရွာသစ်ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ဖွင့်ပွဲသို့တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းရှိန်တို့က သင်တန်းကျောင်းကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ရှိ မြို့ရေပေးရေး စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုနှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်တို့က လေးလက်မ စက်ရေတွင်းသစ်၊ ရေစက်ရုံနှင့် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန် တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ယင်းနောက် ဆိပ်ဖြူမြို့နယ် လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ်နှင့် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆိပ်ဖြူမြို့နယ်လုံးကျွတ်ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စုပေါင်းရုံးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ကျင်းပရာ ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့ နောင်ကုန်စံပြကျေးရွာ ကွန်ကရစ်တံတားဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် အမှုဆောင် အရာရှိ ဦးခင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ရွှေကျင်မြို့နယ်ခုတင်(၁၀၀) ဆေးရုံလမ်း ကတ္တရာခင်းမှုကို ဒီဇင်ဘာ ၁၅ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (၃၂၉)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော လက်တွေ့ ငြိမ်းသတ်၊ စုပေါင်းလေ့ကျင့်ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၄

နိုင်ငံပိုင် စက်ရုံအလုပ်ရုံ လုပ်ငန်းဌာနများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး လုပ်ငန်းစီမံချက်အရ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (မန္တလေး)နှင့် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု စုပေါင်းလေ့ကျင့်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀နာရီက အဆိုပါ စက်ရုံ၌ ကျင်းပသည်။

ဆောင်ရွက်

ရှေးဦးစွာ စက်ရုံမှူး ဦးဝင်းကိုကိုက ဝန်ကြီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစိုးသန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအလေးထားဆောင်ရွက်နိုင်ရန် အရေးပေါ်ထားရှိသော ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများဖြင့် ထိရောက်စွာ မီးငြိမ်းသတ်နိုင်မှုကို ရှင်းလင်းပြောကြား၍ စက်ရုံမှူးနှင့် စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ မီးသတ်ဆေးဘူး မီးသတ်ယာဉ်များဖြင့် လက်တွေ့မီးငြိမ်းသတ်မှုကို စုပေါင်းလေ့ကျင့် ဆောင်ရွက်ကြကြောင်း သိရသည်။

(ဝဲပုံ) (၁၁၃)

မြန်မာ့အသံ

၁၆-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးအစီအစဉ် (နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု နည်းပညာ)

၁၁း၄၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတစ်ချို့- သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ (ပြည်တွင်း)

၁၂း၁၅ အားကစားသတင်းပဒေသာ

၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း-အင်္ဂလိပ်စာ)

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇း၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (စာရေးဆရာ သာဂဒိုးနှင့် ဆွေးနွေးခန်း)

၁၈း၁၅ အဆို၊ အက၊ အရေး၊ အတီးဆုရ (မန္တလေးတိုင်းမှ ဒို့ဗိုလ်လှ ဆိုင်းအဖွဲ့)

မိုင်းယောင်းမြို့ ယမ်းမွန်ရွာရှိ ကျေးရွာချင်းဆက် ကွန်ကရစ်တံတားဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၃၁ ရက်က မြို့နယ် အတွင်းရေးမှူး ဦးမြင့်ဘုန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်းတို့ ကြပ်မတ် ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

တာချီလိတ်မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူ

တာချီလိတ် ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် သတ္တမအကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁၃ရက် နံနက် ၇နာရီက တာချီလိတ်မြို့ ရွှေတိဂုံစေတီရင်ပြင်၌ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော ဆရာတော်သံဃာတော် ၂၅၆ပါး ကြွရောက်တော်မူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်နှင့်ဇနီးဒေါ်သင်းသင်းရည်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့်ဇနီး ဒေါ်သူသူမင်းစံ၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး မင်းဇော်နှင့်ဇနီး ဒေါ်ရင်ရင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့်ဇနီး ဒေါ်တင်အေးကြည်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားအလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များက ရွှေတိဂုံစေတီတော်မြတ် ကြီးကို အနေကဇာတင်တော်မူပြီး ရွှေတိဂုံရင်ပြင်ပတ်လည်တွင် ဆရာတော်၊ သံဃာတော်များက လက်ယာရစ်တစ်ပတ် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စန္ဒာမုနိဘုရားလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦး၊ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် စန္ဒာမုနိဘုရားဂေါပကဥက္ကဋ္ဌ ဦးထွေးစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ထားဝယ် မိခင်/ကလေးကျန်းမာရေးဆိုင်ရာပညာပေး

ထားဝယ် ဒီဇင်ဘာ ၂၈

ထားဝယ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့်အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆရာဖြစ်သင်တန်းကို ဒီဇင်ဘာ ၁၅ရက်နံနက် ၈နာရီက ထားဝယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းပို့ချ

အဆိုပါသင်တန်းတွင် ထားဝယ်မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မြင့်စန်းနှင့်ကျန်းမာရေးဝန်ထမ်းများ၊ ဗဟိုသင်တန်းဆင်း သင်တန်းဆရာများက သင်တန်းပို့ချကြရာ သင်တန်းသား ၄၅ ဦးတက်ရောက်ကြသည်။

အဆိုပါသင်တန်းမှ သင်တန်းဆင်း ဆရာများသည် ထားဝယ်မြို့နယ် အတွင်း ကျေးရွာ ၂၀ တွင် ဆင့်ပွားသင်တန်းများဆက်လက်ပို့ချလျက်ရှိကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စုပေါင်းစိုက်ပျိုး

တိုက်ကြီးမြို့ ရန်ကုန်-ပြည်လမ်း ဘေးတစ်လျှောက် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးမှုကို ဒီဇင်ဘာ ၂၆ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ခုဘဏ္ဍာရေး နှစ် မြို့ပြလုပ်ငန်း ဖြစ်သော အောင်ရတနာ လမ်းကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက် မှုကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူးဦးအေးမြင့်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်တင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

သံတွဲမြို့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ရွေးပွဲကျင်းပ

သံတွဲ ဇန်နဝါရီ ၁၀

သံတွဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲ၊ပြိုင်ပွဲ စံပြမိခင်ရွေးပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်၁၁နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးမြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်ဆွေဦးနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ ပြိုင်ပွဲဆုရကလေးများနှင့် မိခင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် မွေးစမှ သုံးနှစ်အထိ ကလေး၁၃၃ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ကလေးများကို အသက်အုပ်စုအလိုက်ပထမ၊ဒုတိယ၊တတိယဆုများ၊ အုပ်စုလိုက်အမြွှာဆုများ၊ အလှဆုများ၊ စံပြမိခင်ဆုများ၊ နှစ်သစ်ကူးမောင်မယ်ဆုများနှင့် လွတ်လပ်ရေးမောင်မယ်ဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၃ရက်က ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်း ၁၆၅၀၀ တို့ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲကြစဉ်။

(ခရိုင် ပြန်/ဆက်)

သနပ်ပင်–ပဲခူး သုံးဘီးဆိုင်ကယ်ယာဉ်ငယ်လိုင်းဖွင့်

သနပ်ပင် ဒီဇင်ဘာ ၂၀

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်သမဝါယမဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သနပ်ပင်–ပဲခူး သုံးဘီးဆိုင်ကယ် ယာဉ်ငယ်လိုင်းဂိတ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ရက်က နန်းတော် ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းက သုံးဘီးဆိုင်ကယ်ယာဉ်ငယ်လိုင်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များရှင်းလင်းပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သနပ်ပင်–ပဲခူး သုံးဘီးဆိုင်ကယ် ယာဉ်ငယ်လိုင်းကို တိုင်း သမဝါယမ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါသုံးဘီးယာဉ်ငယ်လိုင်းကို သနပ်ပင်မြို့ဘုရားကြီးပိုင်း(၁)လမ်း နန်းတော်ရောင်းဝယ်ရေး သမဝါယမလီမိ တက်နှင့် ပဲခူးမြို့လက်ရှိဥသာကားဂိတ်တို့တွင် ဂိတ်နေရာသတ်မှတ်၍ နေ့စဉ် ယာဉ်ငယ်၁၀စီးဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကန့်ကော်မြိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၉ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကလေးမြို့၌ စာပေဟောပြောပွဲများကျင်းပ

ကလေး ဇန်နဝါရီ ၅

ကလေးမြို့၌ စာပေဟောပြောပွဲကို ဒီဇင်ဘာ၂၆ရက် မွန်းလွဲ ၁နာရီက နေသာ ဘုန်းတော်ကြီးကျောင်းတိုက် ပညာဒါနစာသင်ခန်းမ၌လည်းကောင်း၊ ည၇နာရီတွင် အောင်မင်္ဂလာ ဇာတ်ရုံကြီးတွင်လည်းကောင်း ကျင်းပခဲ့ကြသည်။

စာပေဟောပြောပွဲ အခမ်းအနားတွင် စာရေးဆရာများဖြစ်ကြသည့် ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်တို့က ကျောင်းသူကျောင်းသားများအား စာပေနှင့်ပတ်သက်၍ စာရေးဆရာများ၏ အတွေ့အကြုံနှင့် စာပေရေးရာများ ဟောပြောကြသည်။

ဆက်လက်၍ ညပိုင်းတွင် အောင်မင်္ဂလာဇာတ်ရုံခန်းမဆောင်၌ ဒေါက်ခင်မောင်ညိုနှင့် စာရေးဆရာကောင်းသန့်တို့က စာပေရေးရာနှင့် စပ်လျဉ်း၍ ဟောပြောကြသည်။ ဒီဇင်ဘာ၂၇ရက်ညပိုင်းက ကလေးမြို့ ဈေးအနီး ဗိုလ်ချုပ်လမ်း ထူးဆန်းအံ့ဖွယ်ရေဆန်ကျွန်းမွှာရုံ၌ စာပေဟောပြောပွဲကို ကျင်းပရာ စာပေဝါသနာရှင်များ တက်ရောက်ကြပြီး ဒေသခံစာရေးဆရာ မြဆင့်ချယ်နှင့် ရန်ကုန်မှ စာရေးဆရာများ ဖြစ်ကြသော ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ ကံချွန်နှင့် စာရေးဆရာမ သန်းမြင့်အောင်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(၄၁၇)**

ဇန်နဝါရီ ၅ရက်က လှိုင်သာယာမြို့နယ်အမှတ်(၂၂)အခြေခံပညာမူလတန်းလွန်ကျောင်း မြို့နယ်အဆင့် အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲ မူလတန်းအဆင့် ပထမဆု၊ ကျောင်းအုပ်စု(၄) ပညာရည်ချွန် ဒုတိယဆုနှင့် တတိယတန်း ပထမဆုရ မဇာလီမြင့်အား ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြိုင်က ဆုချီးမြှင့်ပေးစဉ်။ (က–ပ)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ကျောက်ချောလမ်း ဖြစ်သော အရှည်ပေ ၂၀၀၀၊ အကျယ် ၁၀ပေရှိကျီး ချောင်းလျှော်ချောင်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးထွန်းထွန်းနိုင်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်

ချောင်းဦး ဒီဇင်ဘာ ၂၀

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းဘေးဝဲယာ ကပ်တုံးများတြိဂံနှင့် ပန်းအလှကန်များ၊ ပညာပေးဆိုင်းဘုတ်များ ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၀ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မုံရွာ–မန္တလေးလမ်းဘေးဝဲယာတစ်လျှောက်ရှိ ပန်းအလှပင်များ ပေါင်းသင်ရေလောင်းခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဒုတိယဦးစီးမှူး ဒေါ်လှဲ့လှဲ့စိုးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၇–၁–၂၀၀၆ (အင်္ဂါနေ့)
- ❑ Hilbert spaces and Banach Spaces
  - မဟာသိပ္ပံပထမနှစ်
- ❑ ပရိတ်တော်အကြောင်းသိကောင်းစရာ
  - ပညာပေး

၁၈–၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
- ❑ The Culture of Badalin Cave
  - ရှေးဟောင်းသုတေသနပညာ အထူးပြုနှင့် မြန်မာမှုပညာအထူးပြု ဘွဲ့ကြို/ဘွဲ့လွန် သင်တန်းသားများအားလုံး
- ❑ A Cultural Comparative Study between Pyu and Bagan
  - ရှေးဟောင်းသုတေသနပညာ အထူးပြုနှင့် SEAP Studies ဘွဲ့ကြို/ဘွဲ့လွန်သင်တန်း သားများအားလုံး

၁၉–၁–၂၀၀၆ (ကြာသပတေးနေ့)
- ❑ Introduction to Biotechnology
  - ကျောင်းသား၊ကျောင်းသူများ၊ လုပ်သားပြည်သူများ
- ❑ Pali Language & Literature
  - ကျောင်းသား ကျောင်းသူများ၊ လုပ်သားပြည်သူများ

၂၀–၁–၂၀၀၆ (သောကြာနေ့)
- ❑ Mental Disorders
  - တတိယနှစ် စိတ်ပညာအထူးပြုကျောင်းသား ကျောင်းသူများ၊ လုပ်သားပြည်သူများ
- ❑ Educational Anthropology
  - ဒုတိယနှစ် ပညာရေးတက္ကသိုလ်၊ အဝေးသင်ကျောင်းသား၊ ကျောင်းသူများ

နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ

၂၁–၁–၂၀၀၆ (စနေနေ့)
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

၂၂–၁–၂၀၀၆ (တနင်္ဂနွေနေ့)
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

ဇန်နဝါရီ၈ရက်က ကျင်းပသော သထုံအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းဝင် သားသမီးများမှ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကျော်သူဟိန်းအား ဥက္ကဋ္ဌ ဦးစောလွင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒေသခံပြည်သူများနှင့်ဝန်ထမ်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်

■ **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဝဲယာ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုကြသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ခမောက်ကြီးမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အရာရှိ၊ စစ်သည်နှင့် မိသားစုများကိုယ်စား တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဖြိုးအား လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထိုအချိန်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဝန်ကြီးများသည် ခမောက်ကြီးမြို့ အုပ်ချုပ်ရေးမှူးရုံးသို့ ကြွတင်သွားရောက်ကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းမှာကြား ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား နှုတ်ဆက်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာရှေ့သို့ချီတက်နေ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပါမှ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ပဲခူးတိုင်း (အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ယနေ့နံနက် ၇နာရီတွင် ပြည်မြို့ မင်္ဂလာရွှေပြည်တိုင်းအားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လူထုအစည်းအဝေးသို့ ပဲခူးတိုင်း(အနောက်)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပြည်ခရိုင်နှင့်

စာမျက်နှာ ၆ ကော်လံ ၁ ❐

ပဲခူးတိုင်း (အနောက်)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း | **ဆောင်းပါး အညွှန်း** | တောင်သူလယ်သမားများဘဝ သာယာလှပဖို့ ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြပါစို့

❑ ယခုအခါ ကြက်ဆူဆီဖြင့် ဒီဇယ်အစားထိုးအသုံးပြုနိုင်သည့် လက်တွေ့စမ်းသပ်မှုများ အံ့သြဖွယ်ဖြစ်ထွန်း အောင်မြင်နေပြီဖြစ်ရာ စိုက်ပျိုးမှုလွယ်ကူသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစီမံချက်များကို ပြည်နယ်နှင့် တိုင်းအလိုက် ချမှတ်ဆောင်ရွက်နေကြပြီဖြစ်သည်။

❑ ခြံစည်းရိုးနှင့် မြေလွတ်မြေရိုင်းများတွင် ကြက်ဆူပင်စိုက်ပျိုးခြင်းဖြင့် အခြားသီးနှံစိုက်ပျိုးမှုကို ထိခိုက်မှုမရှိသည့်အပြင် တောင်သူလယ်သမားမိသားစုများအဖို့ အပိုဝင်ငွေရရှိမည့် အခွင့်အလမ်းဖြစ်ပေသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့်အပြင် မြေဆီလွှာပြုပြင်မှုအတွက် ကြက်ဆူဆီကြိတ်ဖတ်များမှ အဖိုးတန်သော သဘာဝမြေသြဇာကိုလည်း ရရှိနိုင်မည်ဖြစ်ပေသည်။

❑ တောင်သူလယ်သမားမိသားစုများအဖို့ မိမိတို့ကျေးရွာဒေသတွင် လယ်ထွန်စက်များ၊ မော်တော်ယာဉ်များအတွက် ဒီဇယ်ဆီဝယ်စရာမလိုဘဲ စိတ်ချမ်းသာစွာ သုံးစွဲ နိုင်ကြမည်ဖြစ်ရာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးသူတိုင်း မြေကြီးက ရွှေသီးပြီး ဝင်ငွေတိုးတက်ရရှိလာနိုင်မည် ဖြစ်သည်။

နတ်မောက်ထွန်းရှိန် ၏ ဆောင်းပါး (စာ-၃ နှင့် ၅)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဦးအောင်သိန်း ဖတ်ကြားတင်ပြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်-

မိမိအနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြမည်ဖြစ်ကြောင်း။

အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် ရှိသင့်ရှိအပ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခြေခံမူများ၊ အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် ကျင်းပလာခဲ့သည့် အမျိုးသားညီလာခံကြီးသည် ယနေ့ဆိုလျှင် အတော်ခရီးပေါက်လာပြီဖြစ်ပါကြောင်း။

အခြားအခြားသော အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့်အတူ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့သည် အမျိုးသားညီလာခံလုပ်ငန်းစဉ်ခရီးတစ်လျှောက် တက်ကြွညီညွတ်စွာ နိုင်ငံတော်အနာဂတ်ကောင်းကျိုးမျှော်ကိုးပြီး စေတနာ၊လုံ့လအပြည့်အဝနှင့် ပါဝင်သယ်ပိုး ဆောင်ရွက်ခဲ့ရသည်ကို ဝမ်းမြောက်ဂုဏ်ယူလျက် ရှိကြပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များ လျှောက်လှမ်းခဲ့သည့် ညီလာခံလုပ်ငန်း ခရီးတစ်လျှောက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပါဝင်မည့် အခန်းလိုက်ခေါင်းစဉ်၁၅ခုနှင့် ရှေ့နောက်အစီအစဉ်များ၊ အခြေခံမူများ၊ နိုင်ငံတော်အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ နိုင်ငံတော်အကြီးအကဲအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ် ချမှတ်ခဲ့ကြပြီးဖြစ်ပါကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အစုအဖွဲ့လိုက်သုံးသပ်ပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးတွင် တင်ပြသည့်အဆင့်ကို ရောက်လာပြီဖြစ်ပါကြောင်း။

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃ရက်၊ ၁၄ရက်နှင့် ၁၅ရက်နေ့များတွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီး၌ လွှတ်တော်အသီးသီး၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ညီလာခံကိုယ်စားလှယ်များ စဉ်းစားသုံးသပ်နိုင်ရန် ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံမှာ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ပါရှိကျင့်သုံးခဲ့သည့် ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်ဆိုင်သည့် အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း၊ ကမ္ဘာ့နိုင်ငံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားသည့်မူများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်၏ ပကတိအခြေအနေများကိုလည်းကောင်း၊ အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း လေ့လာပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြသွားသည်ကို အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အားလုံးက သတိပြုမိကြပါကြောင်း၊ အသေးစိတ်လေ့လာသုံးသပ်ခဲ့ကြပါကြောင်း။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကျင့်သုံးခဲ့သည့် ကာလတွင် လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်ထားရှိပြီး လိုအပ်သည့်အခါ၌သာ လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေး Joint Sessionများကျင်းပပါကြောင်း။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်တစ်ရပ်သာ ထားရှိသည်ကို တွေ့ရပါကြောင်း။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်နယ်လေးခုသာ သတ်မှတ်ပေးထားပြီး၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်ခုနစ်ခု သတ်မှတ်သည်ကို တွေ့ရပါကြောင်း၊ ယနေ့အမျိုးသားညီလာခံကြီးက ဆွေးနွေး

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးအောင်သိန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ညှိနှိုင်း သတ်မှတ်ထားသည်မှာ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခု ဖြစ်ပါကြောင်း၊ ထို့ပြင် ယခင်က မြန်မာနိုင်ငံ၌ မရှိခဲ့ဖူးသည့် ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်တို့ပါ ယခုရှိလာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်စသည့် လွှတ်တော်နှစ်ရပ်ကို ပေါင်းစပ်လွှမ်းခြုံသည့် ပြည်ထောင်စုလွှတ်တော်ကြီး ပေါ်ထွန်းလာပါကြောင်း၊ ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များလည်း ရှိလာသည့်အပြင် အခြေခံဥပဒေကခွင့်ပြုထားသည့် ဥပဒေပြုခွင့်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကပါ ရရှိကျင့်သုံးကြတော့မှာ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် တိုင်းရင်းသားပြည်သူများသည် အချုပ်အခြာအာဏာကို မိမိတို့ကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ကျင့်သုံးနိုင်မည့် လက္ခဏာဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၅ခုနှစ် ဒီဇင်ဘာလ၁၃ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံများစွာမှ အခြေခံဥပဒေများကိုလေ့လာပြီး မြန်မာနိုင်ငံ၏ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိမည့်အချက်အလက်များကို တင်ပြသွားခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြထားသည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများအနေနှင့် အားလုံး ၂၈ရပ် ပါရှိကြောင်း တွေ့ရပါကြောင်း။

ဖော်ပြပါ အကြံပြုထားသည့် အချက်၂၈ရပ်ထဲတွင်ပါရှိသည့် အပိုဒ်(၁)၊ (၂)တို့မှာ ပြည်ထောင်စုလွှတ်တော်နာယကက ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူကျင်းပရမည့်နေ့ရက်၊ တစ်နှစ်မှာ အနည်းဆုံးခေါ်ယူရမည့် အစည်းအဝေး အကြိမ်ရေနှင့် အစည်းအဝေးတစ်ခုနှင့်တစ်ခုကြား အရှည်ကြာဆုံး အချိန်ကာလ ၁၂လထက်မပိုရေးများ ပါရှိပါကြောင်း၊ အပိုဒ်(၃)တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖော်ပြထားပါကြောင်း၊ ဥပမာဖော်ပြရလျှင် သမ္မတတက်ရောက်ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊ သမ္မတပေးပို့သည့်သဝဏ်လွှာအပါအဝင် နာယကက ခွင့်ပြုသည့် အခြားသဝဏ်လွှာများဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတင်သွင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း၊ အတည်ပြုဥပဒေကြမ်းအပေါ် သမ္မတမှတ်ချက်များ ပါရှိလျှင် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ လွှတ်တော်က ဆောင်ရွက်ရမည့်

ကိစ္စရပ်များ၊ တင်သွင်းလာသည့်အစီရင်ခံစာများ၊ အဆို တင်သွင်းခြင်းများအပေါ် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းစသည်များ ပါရှိကြောင်း တွေ့ရှိရပါကြောင်း၊ အပိုဒ်(၄)၊ (၅)၊ (၆)၊ (၇) နှင့်(၈)တို့တွင် လွှတ်တော်နာယကက အထူးအစည်းအဝေး၊ အရေးပေါ်အစည်း အဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပနိုင်မှုနှင့် သမ္မတက ခေါ်ယူ စေလျှင်လည်းကောင်း၊ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်လေးပုံတစ်ပုံက ခေါ်ယူပေးစေလိုလျှင်လည်းကောင်း အမြန်ဆုံးခေါ်ယူကျင်းပပေးရေးများပါရှိပြီး လွှတ်တော်အစည်းအဝေး အထမြောက်မှုနှင့် စပ်လျဉ်းပြီး တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ထက်ဝက်ကျော်ရှိမှ ပထမနေ့အစည်းအဝေးအထမြောက်ခြင်း၊ အထမမြောက်လျှင် ရွှေ့ဆိုင်းကျင်းပရခြင်းနှင့် အထမြောက်ပြီး အစည်းအဝေးများဆက်လက်ကျင်းပလျှင် ကိုယ်စားလှယ် သုံးပုံတစ်ပုံ တက်ရောက်လျှင် အထမြောက်ခြင်းတို့ပါရှိပါကြောင်း၊ အပိုဒ်(၈)တွင် မဲခွဲဆုံးဖြတ်မှုရှိလျှင် တက်ရောက်ကိုယ်စားလှယ်များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရန်ဖြစ်ပြီး လွှတ်တော်နာယကတာဝန်ထမ်းဆောင်သူက မဲဆန္ဒမပေးရဘဲ ထောက်ခံမဲနှင့်ကန့်ကွက်မဲ တူညီနေမှသာလျှင် **"အနိုင်မဲ"**ပေးရန်ဖြစ်ကြောင်းများ ရှိပါကြောင်း။

အထက်မှာ မိမိတင်ပြခဲ့သည့် အချက်များကိုကြည့်လျှင် ပြည်ထောင်စုလွှတ်တော်သည် တစ်နိုင်ငံလုံးတွင် ကျင်းပသွားကြမည့် လွှတ်တော်အသီးသီး အနက် အဓိကနှင့်အရေးကြီးဆုံးလွှတ်တော်ဖြစ်ပြီး ယင်းလွှတ်တော်၏ ဆောင်ရွက်မှုများကို အခြေခံကာ အခြားလွှတ်တော်အသီးသီးက ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်သည့်အတွက် ဥပဒေပြုရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်အချက်များအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း သုံးသပ်ရရှိပါကြောင်း၊ ယင်းနေရာတွင် မိမိတို့ အစုအဖွဲ့အနေနှင့် အကြံပြုလိုသည်မှာ လွှတ်တော်အစည်းအဝေးအထမြောက်ရန်အတွက်ဖော်ပြထားသော အရေအတွက်ထက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ပိုမိုတက်ရောက်စေလိုခြင်းနှင့် များများတက်ရောက်မှသာ မဲခွဲဆုံးဖြတ်ရန်လိုသည့်အခါတွင် အဆုံးအဖြတ်ပေးရမည့် မဲအရေအတွက်သည်လည်း တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ အများစု၏ ဆန္ဒမဲဖြစ်လာနိုင်မှာ ဖြစ်ပါကြောင်း၊ သို့မှသာလျှင် ဒီမိုကရေစီ အနှစ်သာရကို ပိုမိုပီပြင်စွာ ရရှိစေမှာဖြစ်ပါကြောင်း၊ နောက်တစ်ချက် အနေနှင့် မဲခွဲဆုံးဖြတ်သည့်အခါတွင် နှစ်ဖက်ဆန္ဒမဲချင်းတူနေလျှင် လွှတ်တော်

မဲခွဲဆုံးဖြတ်သည့်အခါတွင် နှစ်ဖက်ဆန္ဒမဲချင်းတူနေလျှင် လွှတ်တော်နာယက တာဝန်ထမ်းဆောင်သူက အနိုင်မဲပေးရမည်ဆိုသည့် စကားရပ်အစား အဆုံးအဖြတ်မဲဆိုသည့် စကားရပ်နှင့်အစားထိုးစေလို

နာယကတာဝန် ထမ်းဆောင်သူက **"အနိုင်မဲ"** ပေးရမည်ဆိုသည့် စကားရပ်အစား **"အဆုံးအဖြတ်မဲ"**ဆိုသည့်စကားရပ်နှင့်အစားထိုးစေလိုခြင်း ဖြစ်ပါကြောင်း၊ ဤစကားရပ်ကြောင့် တစ်ဖက်ကိုရှုံးစေရန် ဆန္ဒမဲပေးခြင်းအဓိပ္ပာယ်ဖြစ်ပေါ်စေခြင်းမှနေ လွှတ်တော်နှင့် ယင်းလွှတ်တော်၏ နာယကအတွက် ဂုဏ်သိက္ခာ၊ သမာဓိပိုမိုမြင့်မားစေပြီး ပိုမိုလေးနက်စေမှုရှိစေသည့် သဘောကို သက်ရောက်သွားစေမှာဖြစ်ပါကြောင်း။

မိမိ ဆက်လက်တင်ပြသွားမှာက လုပ်ငန်းကော်မတီဥက္ကဋ္ဌ အကြံပြုချပြရှင်းလင်းသွားသည့် အပိုဒ်(၉)နှင့်(၁၀)တို့ဖြစ်ပါကြောင်း၊ ယင်းအပိုဒ်များမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ခွင့်မဲ့ပျက်ကွက်မှု တစ်ဆက်တည်း ၁၅ရက်ရှိလျှင် သတ်မှတ်ထားသော နည်းလမ်းဖြင့် အရေးယူစေခြင်းနှင့် ယင်း ၁၅ရက်တွက်ချက်ရာတွင် အစည်းအဝေးရွှေ့ဆိုင်းသည့်ကာလ မပါရခြင်းလည်း ဖော်ပြထားပါကြောင်း၊ ယင်းအပြင် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေလျှင်ဖြစ်စေ၊ အခွင့်အရေးမရှိသူတစ်ဦးက အစည်းအဝေးတက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း ပြုလုပ်ထားမှုကို နောင်မှာ တွေ့ရှိရလျှင်ဖြစ်စေ လွှတ်တော်၏ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိခြင်းနှင့် ဆောင်ရွက်ပြီးသည့် အချက်များလည်း ပျက်ပြယ်မှုမရှိစေရေးပါရှိပါကြောင်း၊ ယင်းကိစ္စရပ်မှာလည်း လွှတ်တော်အစည်းအဝေးတစ်ရပ်ကို သေချာစွာစီမံခန့်ခွဲပြီးမှ ကျင်းပရခြင်းဖြစ်ပြီးလိုအပ်သည့် ဆုံးဖြတ်ချက်များကိုလည်း အဓိကထား ဆုံးဖြတ်ချမှတ်ထားခြင်းဖြစ်၍ ဖော်ပြပါကိစ္စရပ်များကြောင့် ဆောင်ရွက်မှုများ ရပ်ဆိုင်းခြင်း၊ ပျက်ပြယ်ခြင်းမဖြစ်စေမှုသည်လည်း ချမှတ်သင့်သည့်မူဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းအချက်မှာလည်း ထည့်သွင်းစဉ်းစားရန် ဖော်ပြလိုပါကြောင်း၊ လွှတ်တော်အစည်းအဝေး ကျင်းပပြီးနောက်မှ စစ်ဆေးတွေ့ရှိလာသည့် လွှတ်တော်အစည်းအဝေးကို တက်ရောက်သူများထဲက **"အခွင့်အရေးမရှိသူတစ်ဦးက"** ဆိုသည့် စကားရပ်နှင့်ပတ်သက်၍ဖြစ်ပါကြောင်း၊ အကယ်၍ အခွင့်အရေးမရှိသူတစ်ဦးထက်မကလည်း ဖြစ်လာနိုင်သဖြင့် **"အခွင့်အရေးမရှိသူတစ်ဦးအစား" "တစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးလျှင် ပိုမိုခြုံငုံမိမည်ဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ အကြံပြုချပြထားသည့် အပိုဒ်(၁၁)တွင် ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို တားမြစ်

အချပ်ပို (ခ) သို့

အခွင့်အရေးမရှိသူတစ်ဦးကဟု ဖော်ပြရာတွင် အခွင့်အရေးမရှိသူတစ်ဦးဟု ကောက်ယူနိုင်စရာအဓိပ္ပာယ်သက်ရောက် ယင်းစကားရပ်ကို တစ်ဦးဦးဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေဟု ပြင်ဆင်ဖြည့်စွက်လျှင် လျော်ကန်သင့်မြတ်မှာဖြစ်

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခ ဒေါ်မြမြဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၆ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုများနှင့်စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာနမှ ပါမောက္ခဒေါ်မြမြဝင်း ဖတ်ကြားတင်ပြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှုများနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြပြီးသည့်နောက် ယခုပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုအပိုဒ် ၁၉ပိုဒ်ကို ဆက်လက်ဆွေးနွေး တင်ပြမှာဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းတွင် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုအဖြစ် တင်ပြသည့် အပိုဒ် (၁)တွင် ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သည့် ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပရမည့်နေ့ရက်၊ အမျိုးသားလွှတ်တော်၏သက်တမ်း စတင်သည့်နေ့ရက်၊ အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပရမည့်နေ့ရက်တို့နှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မှုကို တင်ပြထားခြင်းသည် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၈၄) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)တို့နှင့် နိုင်ငံတော်၏လက်ရှိလူဦးရေ အခြေအနေစသည့် အချက်အလက်များကို အခြေခံပြီး ပြည့်စုံအောင် သုံးသပ်တင်ပြထားခြင်းဖြစ်၍ ဖြည့်စွက်အကြံပြုရန် မလိုလောက်အောင်ပင် ပြည့်စုံနေပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ကျင်းပမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများနှင့် ယင်းလွှတ်တော်များ၏ နောက်သက်တမ်းများတွင် ကျင်းပမည့် ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ခေါ်ယူကျင်းပရေးနှင့်စပ်လျဉ်းပြီး အပိုဒ်(၂)တွင် ဖော်ပြထားသည့် အချက်အလက်များသည် ဖြည့်စွက်အကြံပြုရန်မလိုအပ်ဘဲ ပြည့်စုံလျက်ရှိကြောင်းကို တွေ့ရပါကြောင်း။

အသေးစိတ်အခြေခံရမည့်မှုအဖြစ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့်စပ်လျဉ်းပြီး အပိုဒ်(၃)တွင် ဖော်ပြထားသည့် အချက်အလက်များသည် လွှတ်တော်များတွင် လုပ်ဆောင်မြဲ လုပ်ငန်းများဖြစ်သည့်အတွက် ဖော်ပြထားသည့်အတိုင်းပင် အသေးစိတ်အခြေခံရမည့်မှုအဖြစ်ချမှတ်သင့်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်းနှင့်စပ်လျဉ်းပြီး အပိုဒ်(၄)တွင်ဖော်ပြထားပါကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ(၆၆)နှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၅၁)တွင် ပြဋ္ဌာန်းချက်များနှင့်ဆက်စပ်သုံးသပ်ပြီး ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလကို ၁၂လထက်မပိုရန် သတ်မှတ်ဖော်ပြထားခြင်းသည် သင့်မြတ်ကြောင်း တွေ့ရပါကြောင်း။

ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အပိုဒ်(၅)တွင် တင်ပြထားပါကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၆၁)တွင်ပြဋ္ဌာန်းသည့် နိုင်ငံတော်သမ္မတက ပြည်သူတို့နှင့်သက်ဆိုင်သော အရေးကြီးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အမှာလွှာပေးပို့ခြင်းကိစ္စ၊ ပုဒ်မ(၁၃၁)အရ နိုင်ငံတော်စာရင်းစစ်ချုပ်၏ ငွေစာရင်းဆိုင်ရာ အစီရင်ခံစာများကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့်ကိစ္စ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၇၁)၊ (၈၈)၊ (၁၀၄)၊ (၁၁၄)နှင့်(၁၂၀)တို့အရ နိုင်ငံတော်ကောင်စီနှင့် ဗဟို အာဏာပိုင် အဖွဲ့အစည်းများက မိမိတို့၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်သို့ အစီရင်ခံရမည့်ကိစ္စရပ်များနှင့် ဆက်စပ်သုံးသပ်ထားခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်များတွင် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ကိုပါ ထည့်သွင်းဆွေးနွေးခြင်း ပြုလုပ်ထားသည်ကိုတွေ့ရသည့်အတွက် အသေးစိတ် အခြေခံရမည့်မှုများအဖြစ် အမှန်တကယ် ချမှတ်ရမည့် အချက်အလက်များ ဖြစ်ပါကြောင်း။

လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ် မည်မျှ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်ဆိုသည်နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်အတွက် အပိုဒ်(၆)တွင် အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ဆွေးနွေးအကြံပြုနိုင်ရန် ဖော်ပြထားပါကြောင်း၊ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်အများစု တက်ရောက်ရန် အခြေခံပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၆၉) ပုဒ်မခွဲ(၂)နှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၀၇)ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားသုံးသပ်ပြီး ဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ယင်းဖော်ပြချက်များကို အသေးစိတ်အခြေခံရမည့်မှုအဖြစ် ချမှတ်သင့်သည်ဟု မိမိတို့ အစုအဖွဲ့က သဘောတူကြပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အဆုံးအဖြတ်၊ သဘောတူညီချက်၊ အတည်ပြုချက်စသည်များအတွက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှ၏ ထောက်ခံဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့်ကိစ္စများကို ဆုံးဖြတ်ခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌများ၏ ဆန္ဒမဲပေးပိုင်ခွင့်တို့နှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မှု

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မှုများ အပိုဒ်(၁)မှ(၁၉)အထိ ဖော်ပြချက်များသည် အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ကြောင်းထောက်ခံ

ချမှတ်ရန် သင့်မသင့်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အတွက် အပိုဒ်(၇)တွင် ဖော်ပြထားပါကြောင်း။

အသေးစိတ်အခြေခံရမည့်မှုအဖြစ် ချမှတ်ရန် သင့်မသင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆန္ဒမဲပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ များရာဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုရန် ဖော်ပြထားခြင်းများမှာ နိုင်ငံတကာကျင့်သုံးလျက်ရှိသော မူပင်ဖြစ်ပါကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ(၆၉)၊ ပုဒ်မခွဲ(၁)တွင်လည်း ဤအခြေခံဥပဒေက အခြားပြဋ္ဌာန်းချက်ပြုထားခြင်းမရှိလျှင် လွှတ်တော်များ၏ အစည်းအဝေးတွင် သို့တည်းမဟုတ် တွဲဖက်အစည်းအဝေးတွင် ဆွေးနွေးကြသော ပြဿနာအားလုံးကို အစည်းအဝေးတက်ရောက်မဲပေးသော လွှတ်တော်အမတ်

အချပ်ပို (ဂ) သို့

အချပ်ပို (က) မှ

ထားသည့်အချက်များမှအပ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်ဖြစ်ပြီး အပိုဒ်(၁၂)၊(၁၃)တို့မှာ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များကို ပြည်ထောင်စု တစ်ဝန်းလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ ဥပဒေပြုခွင့်ရှိကြောင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပါကလည်း ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသကဲ့သို့ပင် ဖြစ်ကြောင်း ပါရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးသည့် အခါလည်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ယင်းနှင့်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့် အပ်နှင်းစေခြင်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ ထုတ်ခွင့်ပေးခြင်း၊ ယင်းထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များသည် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရခြင်း၊ ပြည်ထောင်စုလွှတ်တော်ပါ လွှတ်တော်နှစ်ရပ်က ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်ဆုံးဖြတ်က လိုက်နာခြင်း၊ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ရန်ဖြစ်ကြောင်းများ ပါရှိပါကြောင်း၊ အပိုဒ်(၁၄)တွင် လွှတ်တော်က အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံချင်းဆိုင်ရာ စာချုပ်၊ သဘောတူညီချက်များကို အတည်ပြု၊ ပယ်ဖျက်၊ နုတ်ထွက်မှုများအတွက် အဆုံးအဖြတ်ပေးနိုင်မှု၊ ယင်းကိစ္စများကို သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်မှုများ ဖော်ပြထားပါကြောင်း၊ အပိုဒ်(၁၅)တွင် ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ရယူရမည့် ကိစ္စရပ်များ၊ နိုင်ငံတော်သမ္မတ တင်ပြလာသည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် ထုတ်ပြန်ပြီး အတည်ပြုပေးရန် တင်ပြလာသည့်အခါ ဆောင်ရွက်ရန် အချက်များပါရှိပါကြောင်း၊ ဖော်ပြပါအချက်များသည် နိုင်ငံ၏ဥပဒေပြုရေးဆိုင်ရာ ပြည်ထောင်စုလွှတ်တော်တစ်ရပ်၏ လုပ်သင့်လုပ်ထိုက်ရန် လိုအပ်သောအချက်များဖြစ်ကြောင်း အဆက်ဆက်ဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီဖြစ်ပါ၍ အထူးတင်ပြရန်မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ယခုဆက်လက်၍ အကြံပြုချက်ပါ အခြားအချက်များကို ဆက်လက်တင်ပြသွားမှာဖြစ်ပါကြောင်း၊ အကြံပြုချက် အပိုဒ်(၁၆)၊ (၁၇)၊ (၁၈) နှင့် (၁၉) တို့တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက မိမိတို့စီမံခန့်ခွဲမည့် ကိစ္စများနှင့် ဆိုင်ရာ ဥပဒေကြမ်းများ တင်သွင်းခွင့်၊ ပြည်ထောင်စုအစိုးရကသာ တင်သွင်းခွင့်ရှိသော အမျိုးသားစီမံကိန်း နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်း၊ အခွန်အကောက် ဆိုင်ရာ ဥပဒေကြမ်းများ ဆွေးနွေးဆုံးဖြတ်ခြင်း၊ တင်သွင်းသည့် ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးခွင့်ပေးခြင်း၊ မဆွေးနွေးမီ ယင်းလွှတ်တော်များ၏ ဥပဒေကြမ်းကော်မတီတို့အား စိစစ်ခြင်း၊ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ရခြင်းများ ပါရှိပါကြောင်း၊ အပိုဒ်(၂၀)တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတက ၁၄ရက်အတွင်း လက်မှတ်ရေးထိုးခြင်း၊ သမ္မတက သဘောထားမှတ်ချက်ပေးနိုင်ခြင်း၊ သမ္မတက လက်မှတ်ရေးထိုးရမည့်ကာလအတွင်းထိ လက်မှတ်မရေးထိုးနိုင်လျှင်လည်း ဥပဒေကြမ်းအတည်ဖြစ်ခြင်းများ ပါရှိပါကြောင်း၊ အပိုဒ်(၂၁)တွင် သမ္မတက ဥပဒေကြမ်း၌ ပြင်ဆင်ချက်နှင့် ပြန်လည်ပေးပို့လာသည့် သဘောထားမှတ်ချက်ကို လွှတ်တော်က အတည်ပြုခြင်း သို့မဟုတ် လက်မခံဘဲ မူလအတိုင်း အတည်ပြုခြင်းများ ဆောင်ရွက်နိုင်မှုကို ဖော်ပြပါရှိပြီး လွှတ်တော်က သမ္မတသို့ ပြန်ချလာပြီးလျှင် သမ္မတက ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုးထုတ်ပြန်စေခြင်းများ ပါရှိပါကြောင်း၊ အပိုဒ်(၂၂)တွင် သမ္မတက လက်မှတ်ရေးထိုးပြီးဖြစ်စေ၊ ရေးထိုးပြီးသကဲ့သို့ မှတ်ယူပြီးသည့် ဥပဒေကို နိုင်ငံတော်ပြန်တမ်းမှာ ထုတ်ပြန်ခြင်း၊ အာဏာတည်ခြင်းများလည်း ဖော်ပြထားပါကြောင်း၊ အထက်မှာ မိမိတင်ပြခဲ့သည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံရမည့်မှုများသည် လွှတ်တော်တစ်ရပ်၏ ဥပဒေပြုခြင်း၊ အတည်ပြုခြင်းနှင့် အာဏာတည်စေခြင်းများကို အုပ်ချုပ်ရေးအာဏာ တာဝန်ယူ ဆောင်ရွက်သည့် နိုင်ငံတော်သမ္မတနှင့် ဆက်စပ်ပေးပြီး ဆောင်ရွက်သွားရန် လိုအပ်သော အချက်များဖြစ်ပါ၍ အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ယခုဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ အကြံပြုချက်အပိုဒ် (၂၃)၊ (၂၄)နှင့် (၂၅)တို့ကို ဆွေးနွေးသွားမှာဖြစ်ပါကြောင်း၊ ယင်းအချက်များမှာ ပြည်ထောင်စုလွှတ်တော် နာယက၏ ဆောင်ရွက်ရမည်ဖြစ်သော အစည်းအဝေး ကြီးကြပ်ကွပ်ကဲခြင်း၊ သမ္မတအား ယင်း၏ဆန္ဒအရ ဖိတ်ကြားခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ဖိတ်ကြားခြင်း၊ ယင်းတို့၏ ကိစ္စများကို ဆွေးနွေးစေခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က ဆိုင်ရာဥပဒေကြမ်း သို့မဟုတ် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခွင့်ရှိခြင်း၊ နာယက၏ခွင့်ပြုချက်ဖြင့် မိမိတို့ အဖွဲ့အစည်း၏ အခြေအနေကို တင်ပြနိုင်ခွင့်ရှိခြင်းများကို ဖော်ပြထားပါကြောင်း၊ အပိုဒ် (၂၆)တွင် လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့၌ အခြေခံဥပဒေ၊ လွှတ်တော် ဥပဒေများနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုခွင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊ ဖိတ်ကြားခံရသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကလည်း ယင်းလွှတ်တော်တွင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်၊ တင်ပြခွင့်ရှိခြင်းများကို ခွင့်ပြုထားပြီး ထိုသို့ ပြောဆိုဆွေးနွေး ဆန္ဒမဲပေးကြခြင်းဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရန် ဖော်ပြထားပါကြောင်း၊ သို့သော် ဖော်ပြပါပုဂ္ဂိုလ်များအနေနှင့် လွှတ်တော်အတွင်း ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ဖြစ်လာခဲ့လျှင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်း၊ ယခုတင်ပြခဲ့သည့် အချက်များမှာလည်း ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့်ရှိ အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နိုင်ခွင့်ကို ခွင့်ပြုပေးထားခြင်းဖြစ်ပြီး မည်သည့်ပုဂ္ဂိုလ်မဆို သတ်မှတ်ထားသည့်ဥပဒေကို ဖောက်ဖျက်ကျူးလွန်လျှင် ဥပဒေအရ အရေးယူခြင်းမှာလည်း စည်းကမ်းတကျ ထိန်းသိမ်းခြင်းဖြစ်ပါ၍ အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ အကြံပြုချပြထားသည့် နောက်ဆုံးအပိုဒ်များ ဖြစ်သည့် အပိုဒ်(၂၇)နှင့် (၂၈)တွင် ဆိုလျှင် ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်နေသော လွှတ်တော်ကိုယ်စားလှယ်ကိုဖြစ်စေ၊ ဖိတ်ကြားချက်အရ တက်ရောက်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ ဖမ်းဆီးလိုလျှင် လွှတ်တော်နာယက၏ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှသာ ဖမ်းဆီးနိုင်ပြီး အပိုဒ် (၂၈)တွင် ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်းပြီး တရားစွဲပိုင်ခွင့်မရှိစေခြင်းများ ဖြစ်ပါကြောင်း၊ ဤအချက်များသည်လည်း ပြည်ထောင်စုလွှတ်တော်၏ ဂုဏ်သိက္ခာနှင့် လုပ်ပိုင်ခွင့်များ၊ လွှတ်တော်သို့ တက်ရောက်ကြသည့်ပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ နှင့်လုပ်ပိုင်ခွင့်များအတွက် လျော်ကန်စွာချမှတ်ထားသော အချက်များဖြစ်ပါ၍ အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်ရန်သင့်တော်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်အားလုံးက အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှု (၂၈)ရပ်ကို ယင်းတို့၏အပိုဒ်ခွဲ၊ အပိုဒ်ငယ်အားလုံးနှင့်တကွ ဥပဒေပြုရေးအခန်းတွင် အသေးစိတ်အခြေခံရမည့်မှုများအဖြစ် အထက်တွင် မိမိဖော်ပြတင်ပြခဲ့သော အကြံပြုချက်များကို အဖွဲ့၏တညီတညွတ်တည်း သဘောရရှိကြသည့်အတိုင်း ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး အထမြောက်မှုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ပိုမိုများပြားစွာ တက်ရောက်စေလိုကြောင်းအကြံပြု

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၆ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့် ဖတ်ကြားတင်ပြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ယခု မိမိဆက်လက်တင်ပြသွားမည့် အကြောင်းအရာများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားချက်များအပေါ် မိမိတို့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ သုံးသပ်တင်ပြချက်များ ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့်အချက်များကို ၂၃ချက် ချပြရှင်းလင်းခဲ့ပါကြောင်း။

ချပြရှင်းလင်းသွားသည့် ချမှတ်သင့်သည့် အချက်များထဲတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ သက်တမ်းစတင်သည့်ရက်၊ ပထမအကြိမ်ပုံမှန်အစည်းအဝေး စတင်သင့်သည့်ကာလများ၊ ကျင်းပရမည့် အစည်းအဝေးများအလိုက် လွှတ်တော်ခေါ်ယူကျင်းပပေးရမည့်ပုဂ္ဂိုလ် လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုကြရာတွင် မည်သူ့ရှေ့မှောက်တွင် ကတိသစ္စာပြုကြရမည်။ ပထမအကြိမ် ပုံမှန်အစည်းအဝေးမှာ မတက်ရောက်နိုင်ခဲ့သည့် ကိုယ်စားလှယ်များက မည်သည့်အချိန်မည်သူ့ရှေ့မှောက်တွင် ကတိသစ္စာပြုကြရမည်ကိုလည်းကောင်း၊ တစ်နှစ်အတွင်း အစည်းအဝေးကို အနည်းဆုံး အကြိမ်ရေမည်မျှကျင်းပရန်နှင့် လွှတ်တော်တစ်ကြိမ်နှင့်တစ်ကြိမ်ကြား အရှည်ကြာဆုံးအချိန်ကာလ သတ်မှတ်ပေးခြင်းများကိုလည်းကောင်း၊ အပိုဒ်(၁)၊ (၂)၊(၃)၊(၄)များတွင် ဖော်ပြရှင်းလင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ဤအချက်များသည် လွှတ်တော်တစ်ခုခေါ်ယူကျင်းပရာတွင် မလွဲမသွေ လုပ်ဆောင်ရမည့် ကိစ္စရပ်များဖြစ်သဖြင့် ဆောင်ရွက်ရန်လိုအပ်သော အသေးစိတ် အခြေခံရမည့် ချမှတ်သင့်သည့်မူများဖြစ်ကြောင်း တွေ့ရှိရပါကြောင်း။

အလားတူ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးထားသည့် အပိုဒ်(၅)၊ (၆)တို့တွင်လည်း တစ်နှစ်လျှင် အနည်းဆုံးခေါ်ယူရမည့် ပုံမှန်အစည်းအဝေးများသာမက အရေးပေါ်လိုအပ်လာလျှင် လိုအပ်သလို ခေါ်ယူနိုင်ရေးအတွက် အထူးအစည်းအဝေး၊ အရေးပေါ်အစည်းအဝေးများ ခေါ်ယူနိုင်ရန်နှင့် ခေါ်ယူခွင့်ရှိသည့် ပုဂ္ဂိုလ်သတ်မှတ်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အစိုးရအဖွဲ့၏ ဆောင်ရွက်မှုများအတွက် ချပြရှင်းလင်းအတည်ပြုချက်ရယူရန် ဝန်ကြီးချုပ်က လွှတ်တော်အစည်းအဝေး ခေါ်ယူပေးစေလိုသည့်အခါ အမြန်ဆုံးခေါ်ယူ ကျင်းပပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး လေးပုံတစ်ပုံ၏ ဆန္ဒဖြင့် အရေးပေါ် သို့မဟုတ် အထူးအစည်းအဝေးကို ခေါ်ယူနိုင်ခြင်းစသည့် ပုံမှန်အစည်းအဝေးများအပြင် လိုအပ်လျှင် လိုအပ်သလို လွှတ်တော်အစည်းအဝေး ခေါ်ယူစေနိုင်မှု သတ်မှတ်ပေးခြင်းနှင့် ခေါ်ယူကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ ဥပမာ– နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်တို့ မိန့်ခွန်းပြောကြားလျှင် ၎င်းတို့ကို

အချပ်ပို (ဃ) သို့

အချပ်ပို (ခ) မှ

များ၏ မဲများရာဖြင့် ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်မှာပင် လွှတ်တော်ဥက္ကဋ္ဌ၏ ဆန္ဒမဲပေးခွင့်နှင့် စပ်လျဉ်းပြီး “ထိုသို့ဆုံးဖြတ်သောကိစ္စရပ်များတွင် နာယကသည် သို့တည်းမဟုတ် ဥက္ကဋ္ဌအဖြစ်ဖြင့်ဖြစ်စေ၊ နာယကအဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်နေသော ပုဂ္ဂိုလ်သည် မဲမပေးရ၊ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ အနိုင်မဲပေးပိုင်ခွင့်ရှိ၍ အနိုင်မဲကို ပေးရမည်”ဟု ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအကျသတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စများကို ဆုံးဖြတ်ရာတွင် အစည်းအဝေးတက်ရောက် ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရာ၏ ဆန္ဒမဲနှင့်ဆုံးဖြတ်ရန် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အားလုံးကသဘောတူကြပါကြောင်း။

သို့ရာတွင် လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများသည် သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည့်အားလျော်စွာ သာမန်အားဖြင့် ပါဝင်ဆန္ဒမဲပေးခြင်း မပြုရန်ဖြစ်သော်လည်း ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့်ကိစ္စမျိုး၌သာ အနိုင်မဲပေးရန် သတ်မှတ်သင့်ကြောင်း အသေးစိတ်အခြေခံရမည့်မူသည် ဖြစ်သင့်ဖြစ်ထိုက်သည့်အတွက် အားလုံးက သဘောတူကြပါကြောင်း။

သို့ရာတွင် အသုံးအနှုန်းအနေနှင့်**“အနိုင်မဲ”**ဟုဖော်ပြမည့်အစား **“အဆုံးအဖြတ်”** မဲဟုဖော်ပြပါလျှင် ပိုမိုသင့်မြတ်မည်ဟု မိမိတို့အစုအဖွဲ့က ထင်မြင်ယူဆကြပါကြောင်း၊ ယင်းအသုံးအနှုန်းကို အဆုံးအဖြတ်မဲဟု ဖော်ပြ သင့်သည်ဟု လက်ခံလျှင် ပြောင်းလဲပြင်ဆင်ဖော်ပြနိုင်ပါရန် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေးများကို တက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ကြရန် တာဝန်ရှိကြပါကြောင်း၊ ခိုင်လုံသည့် အကြောင်းရှိ၍ အစည်းအဝေးမတက်နိုင်လျှင် လွှတ်တော်ကို ခွင့်ပန်ရမှာဖြစ်ပါကြောင်း၊ လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရန် ရက်ပေါင်းမည်မျှ တစ်ဆက်တည်းပျက်ကွက်ခဲ့လျှင် ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်ကြောင်း၊ လွှတ်တော်က ကြေညာနိုင်သည်ဟု နိုင်ငံအချို့၏ အခြေခံဥပဒေများတွင် ပြဋ္ဌာန်းကြပါကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ(၇၃) ပုဒ်မခွဲ(၃)တွင် ရက်ပေါင်း ၃၀ တိတိ တစ်ဆက်တည်းလွှတ်တော်အစည်းအဝေး မတက်ရောက်ဘဲနေခဲ့သော် ထိုအမတ်၏ နေရာလစ်လပ်သည်ဟု ကြေညာနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ ဆက်သွယ်ရေးစနစ်များကောင်းမွန်နေသည့် ယနေ့ခေတ်အခါမျိုးတွင် ခွင့်မဲ့ပျက်ကွက်ခွင့်ရှိသည့်ကာလကို ၁၅ရက် သတ်မှတ်ရန် အခြေခံမူချမှတ်ရန် ဖော်ပြထားသည်မှာ တရားမျှတသည်ဟု ဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် အသေးစိတ် အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့်ဖော်ပြထားသည့် အပိုဒ်(၈)ပါ အချက်များကို အသေးစိတ်အခြေခံရမည့်မူအဖြစ် သတ်မှတ်သင့်ကြောင်း အကြံပြုဆွေးနွေးအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုဖြစ်ပေါ်နေသော်လည်း ဆိုင်ရာလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်နှင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးတက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပျယ်ခြင်းမရှိစေရေးတို့နှင့် စပ်လျဉ်းပြီး အပိုဒ်(၉)တွင် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဖော်ပြထားပါကြောင်း။

အစည်းအဝေးတက်ရောက်ရန် အခွင့်အရေးမရရှိသူတစ်ဦးက အစည်းအဝေးတက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင် စစ်ဆေးတွေ့ရှိသည့်အဖြစ်မျိုးကြုံတွေ့ပါက ယင်းသို့ဖြစ်ပေါ်မှုအတွက် လွှတ်တော်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များကို ထိခိုက်ခြင်းမရှိစေရအောင် အကာအကွယ်ပေးသည့် လိုအပ်ချက်ဖြစ်ပါသောကြောင့် ယင်းအချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း၊ ၎င်းအပြင် လွှတ်တော်ကိုယ်စားလှယ်နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်းစသည့် အကြောင်းများကြောင့် လစ်လပ်မှုများရှိသော်လည်း ဆိုင်ရာလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိအောင် ပြဋ္ဌာန်းရမှာဖြစ်၍ အပိုဒ်(၉)ပါ အချက်များကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း။

သို့ရာတွင် အထက်တွင် အခွင့်အရေးမရှိသူတစ်ဦးကဟု ဖော်ပြထားရာတွင် အခွင့်အရေးမရှိသူတစ်ဦးဟုသာ ကောက်ယူနိုင်စရာအဓိပ္ပာယ်သက်ရောက်လျက်ရှိပါကြောင်း၊ ယင်းစကားရပ်ကို တစ်ဦးဦးဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေဟု ပြင်ဆင်ဖြည့်စွက်လျှင် လျော်ကန်သင့်မြတ်မှာ ဖြစ်သည်ဟု အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူတို့ သိရှိခွင့်ရရှိနိုင်ရေးအတွက် အပိုဒ်(၁၀)ပါ အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြထားသည့် အချက်အလက်များကို ပြင်ဆင်ချက်မရှိ လက်ခံသင့်ပါကြောင်း။

ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဖော်ပြပါရှိသည့် ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာသာ ဥပဒေကြမ်းတင်သွင်းဆောင်ရွက်ရမည်ဟု သတ်မှတ်ထားသည့်ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းစတင်တင်သွင်းခြင်းနှင့်စပ်လျဉ်းပြီး အပိုဒ်(၁၁)တွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြထားပါကြောင်း။

၎င်းအပြင် ဥပဒေတစ်ရပ်အရ ပြုလုပ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများကို ဆိုင်ရာအဖွဲ့အစည်းက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရေး၊ ယင်းသို့ဖြန့်ဝေတင်ပြသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရှိသည့်အခါ ဆောင်ရွက်ကြရမည့် နည်းလမ်းအဆင့်ဆင့် သတ်မှတ်ရေးတို့နှင့် စပ်လျဉ်းပြီး အပိုဒ်(၁၂)တွင် အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် ဖော်ပြထားပါကြောင်း။

၎င်းအပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းတင်သွင်းခြင်းနှင့် စပ်လျဉ်းပြီး အပိုဒ်(၁၃)တွင် ဖော်ပြထားပါကြောင်း၊

၎င်းအပြင် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့သည့်အခါနှင့် အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပေးပို့သည့်အခါတွင် ဥပဒေကြမ်းလက်ခံရရှိသည့် လွှတ်တော်မှာရှိသင့်သည့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး အပိုဒ်(၁၄)တွင် အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်မသင့် ဖော်ပြထားပါကြောင်း။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနေနှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးများ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့နှင့် လွှတ်တော်နှစ်ရပ်၏ ပူးပေါင်းကော်မတီတို့၏ အစည်းအဝေးများတွင် ရှင်းလင်းပြောဆိုဆွေးနွေးမှုနှင့် စပ်လျဉ်းပြီး အပိုဒ်(၁၅)တွင် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုရန် ဖော်ပြထားပါကြောင်း။

အထက်တွင် ဖော်ပြခဲ့သည့်အပိုဒ်(၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)တို့တွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်ဖော်ပြချက်များသည် မလွဲမသွေ လိုအပ်သည့်အတွက် မိမိတို့အစုအဖွဲ့က ပြင်ဆင်ချက်မရှိထောက်ခံတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး အပိုဒ်(၁၆)၌ အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖော်ပြထားပါကြောင်း၊ ယင်းဖော်ပြထားချက်များသည် လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောင်မြင်ချောမောစွာ ဆောင်ရွက်ပြီးစီးနိုင်အောင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ဆောင်ရွက်ရမည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခြုံငုံမိအောင် ပြည့်စုံစွာ ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အသေးစိတ်အခြေခံရမည့်မူအဖြစ်ချမှတ်သင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြု၍ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ပုဂ္ဂိုလ်၏အခွင့်အရေးများ၊ လွှတ်တော်ကဖွဲ့စည်းသည့် ကော်မရှင် သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်များ၏ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အပိုဒ်(၁၇)မှာ ဖော်ပြထားပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် သက်ဆိုင်ရာ လွှတ်တော်နှင့် လွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာပြောဆိုခွင့်၊ ဆန္ဒမဲပေးခွင့်၊ တင်ပြဆွေးနွေးခွင့် အခွင့်အရေးများကို ယင်းအခြေခံမူများတွင် ဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ယင်းအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိပါက အရေးယူရန်လိုအပ်ကြောင်း ဖော်ပြထားသည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံ ဖော်ပြထားခြင်း ဖြစ်ပါကြောင်း။

ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်က ဖွဲ့စည်းသော ကော်မရှင်နှင့်အဖွဲ့များ၏ အဖွဲ့ဝင်တစ်ဦးဦးကို ဥပဒေအရ ဖမ်းဆီးရန် အကြောင်းပေါ်ပေါက်လျှင် ဆောင်ရွက်ရမည့် နည်းလမ်းနှင့် စပ်လျဉ်းပြီး အပိုဒ်(၁၈)တွင် အသေးစိတ်အခြေခံရမည့်မူအဖြစ်ချမှတ်ရန် သင့်မသင့်ဖော်ပြထားပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများနှင့် ကျူးလွန်မှုများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ လွှတ်တော်များတွင် ပေါ်ပေါက်လာနိုင်သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ထောင့်စေ့အောင်ဖော်ပြထားခြင်းဖြစ်သည့်အတွက် အပိုဒ်(၁၈)တွင် ဖော်ပြထားချက်များကို အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကသော်လည်းကောင်း၊ ယင်းလွှတ်တော်အသီးသီး၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်းပြီး အပိုဒ်(၁၉)တွင် အသေးစိတ်အခြေခံရမည့် မူချမှတ်ရန် သင့်မသင့် တင်ပြထားပါကြောင်း၊ လွှတ်တော်များက ဖြန့်ချိထုတ်ဝေသည့်မှတ်တမ်းများ၊ လွှတ်တော်၏ ခွင့်ပြုချက်နှင့် ဖြန့်ချိထုတ်ဝေသည့် မှတ်တမ်းများနှင့် စပ်လျဉ်းပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ပြုထားခြင်းဖြစ်သည့်အတွက် ရှိသင့် ရှိအပ်သည့် အခွင့်အရေးဖြစ်ပါသောကြောင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ အပိုဒ်(၁)မှ အပိုဒ်(၁၉)အထိ ဖော်ပြထားချက်များသည် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်းမိမိတို့အစုအဖွဲ့မှထောက်ခံတင်ပြပါကြောင်း၊ သို့ရာတွင်အပိုဒ်၇(က) အပိုဒ်ခွဲ(၂)နှင့် အပိုဒ်၇(ခ) အပိုဒ်ခွဲ(၂)တို့တွင် **“အနိုင်မဲ”** ဟူသော စကားရပ်အစား **“အဆုံးအဖြတ်မဲ”**ဟု အစားထိုးရန်နှင့် အပိုဒ်(၉) အပိုဒ်ခွဲ(က)နှင့် (ခ)တွင် **“အခွင့်အရေးမရှိသူတစ်ဦး”**ဟူသော စကားရပ်အစား **“အခွင့်ရေးမရှိသူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ”**ဟူသော စကားရပ်ကို အစားထိုးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖော်ပြထားသော အချက် ၂၃ချက်အား အကြံပြုချက်၊ ပြင်ဆင်ချက်၊ သုံးသပ်ချက်များနှင့်အတူထောက်ခံ

အချပ်ပို (ဂ) မှ

မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာ၊ လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုသော အခြားသဝဏ်လွှာများ ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ၊ အစီရင်ခံစာများ စသည်တို့ကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မေးခွန်းမေးခြင်း၊ ဖြေကြားခြင်းစသည်တို့ကို သတ်မှတ်ပေးခြင်းများကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချပြရှင်းလင်းထားပါကြောင်း၊ ယင်းအချက်အလက်များကလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များကို ပုံမှန်ကျင်းပသည့် အစည်းအဝေးတွင်မှ ဆောင်ရွက်လျှင် ကြန့်ကြာမှု၊ နှောင့်နှေးမှုများရှိလာလျှင် အလျင်အမြန် ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် မဖြစ်မနေခေါ်ယူကျင်းပသင့်စရာများရှိလာနိုင်သဖြင့် လိုအပ်သလို လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပရန် အခွင့်အလမ်းများ ချမှတ်ပေးထားခြင်းမှာလည်း လျော်ကန်သင့်မြတ်မှု ရှိကြောင်း တွေ့ရှိရပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချပြပေးထားသည့် အချက် ၂၃ချက်အနက် အပိုဒ်(၇)မှာဆိုလျှင် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်လျှင်လည်း အစည်းအဝေးအထမြောက်မှု၊ အထမမြောက်လျှင် ရွှေ့ဆိုင်းကျင်းပရန်ဖြစ်ပြီး ရွှေ့ဆိုင်းကျင်းပသည့် အထမြောက်သော အစည်းအဝေး၊ ယင်းနောက် ဆက်လက်ကျင်းပသည့် အစည်းအဝေးများတွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံ သတ်မှတ်ထားမှုကို အခြေခံရမည့်မူအဖြစ် ချမှတ်သင့်၊ မသင့်ပါရှိပါကြောင်း၊ ယင်းအချက်အနေဖြင့်လည်း အစည်းအဝေးကျင်းပတိုင်း အထမြောက်ရမည့် အခြေအနေကို မလွဲမသွေ သတ်မှတ်ပေးရန်ဖြစ်ပြီး ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေများအရ ပေါ်ပေါက်ခဲ့သည့် လွှတ်တော်အဆင့်ဆင့် အစည်းအဝေးများတွင် တွေ့ကြုံခဲ့ရသည့် အခြေအနေများပေါ်တွင် ပြန်လည်သုံးသပ်ပြီး ကိုယ်စားလှယ်အချိုးအစား သတ်မှတ်ထားခြင်းဖြစ်သည်ဟု ယူဆရပါ၍ အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်းလည်း တွေ့ရှိရပါကြောင်း။

အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဆက်လက်ချပြရှင်းလင်းထားသည့် အပိုဒ်(၈)တွင် လွှတ်တော်အစည်းအဝေးအတွင်း မဲခွဲဆုံးဖြတ်ရန်ရှိက တက်ရောက်သော ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရခြင်း၊ လွှတ်တော် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သူက ဆန္ဒမဲမပေးစေဘဲ နှစ်ဖက်ဆန္ဒမဲပေးမှု တူညီနေမှသာ ဆုံးဖြတ်ချက်တစ်ခုရရန် အဆုံးအဖြတ်မဲအဖြစ် ပေးစေခြင်းများ ပါရှိပါကြောင်း၊ မူလရှင်းလင်းပြမှုမှာ ပါရှိစဉ်က ဥက္ကဋ္ဌကပေးရမည့်မဲကို **“အနိုင်မဲ”**ဟု ဖော်ပြခဲ့ပါကြောင်း၊ **“အနိုင်မဲ”** ဆိုသည့် စကားရပ်သည် အဓိပ္ပာယ်အားဖြင့် မှန်ကန်သော်လည်း အသုံးအနှုန်းအားဖြင့် တစ်ဖက်ကိုအနိုင်ပေး၊ တစ်ဖက်ကိုအရှုံးပေးရာ ရောက်သွားနိုင်သည့်အတွက် မိမိတို့အစုအဖွဲ့အနေနှင့် **“အနိုင်မဲ”** ဆိုသည့် စကားရပ်အစား **“အဆုံးအဖြတ်မဲ”** ဆိုသည်က ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသဖြင့် **“အဆုံးအဖြတ်မဲ”** ဆိုသည့် စကားရပ်နှင့် အစားထိုးဖော်ပြစေလိုပါကြောင်း၊ ဤသို့ ဖော်ပြခြင်းဖြင့် အဓိပ္ပာယ် ပိုမိုခိုင်ညားပေါ်လွင်ပြီး နာယကများ၊ ဥက္ကဋ္ဌများ၏ဂုဏ်သိက္ခာ၊ သမာဓိမြင့်မားမှုကို ပိုမိုလေးနက်စေမှာ ဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချပြရှင်းလင်းထားသည့်အချက်များကို ဆက်လက်ဆွေးနွေးရလျှင် အသေးစိတ်အခြေခံရမည့်မူများထဲက အပိုဒ်(၉) တွင် လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ခွင့်ပြုချက်မရဘဲ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အနည်းဆုံး ၁၅ ရက်ဆက်တိုက် ခွင့်မဲ့ပျက်ကွက်လျှင် ယင်းကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်းကြေညာခြင်း၊ ၁၅ရက် ရေတွက်ရာတွင် အစည်းအဝေးရွှေ့ဆိုင်းရက် ပါဝင်ရေတွက်မှုမပြုရေးတို့ပါရှိပြီး အပိုဒ် (၁၀)တွင် အထက်ဖော်ပြပါ အချက်နှင့်ဆက်စပ်၍ ကိုယ်စားလှယ်အချို့ အကြောင်းအမျိုးမျိုးဖြင့် လစ်လပ်နေလျှင်ဖြစ်စေ၊ အခွင့်အရေးမရှိသူတစ်ဦးက ပါဝင်တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းများ ရှိလာလျှင် ဖြစ်စေ လွှတ်တော်၏ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်မှုမရှိစေရေးများ ပါရှိပါကြောင်း၊ အပိုဒ်(၁၀)တွင် ပါရှိသည့်အချက်နှင့် ပတ်သက်၍ အကြံပြုလိုသည်မှာ နောင်တွင်စစ်ဆေးတွေ့ရှိနိုင်မည့် **“အခွင့်အရေးမရှိသူတစ်ဦး”** ဆိုသည့် အစား တစ်ဦးလည်းဖြစ်နိုင်သကဲ့သို့ တစ်ဦးထက်များသည့် အဖွဲ့လည်း ဖြစ်နိုင်သဖြင့် **“တစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ”** ဟူသောစကားရပ် ဖြင့်ဖော်ပြလျှင် ပိုမိုပြည့်စုံနိုင်မည်ဖြစ်ပါကြောင်းအကြံပြုတင်ပြအပ်ပါကြောင်း။

အခြေခံရမည့်မူများအဖြစ် အပိုဒ်(၁၁)၊ (၁၂) တို့တွင် လွှတ်တော်၏ ဆောင်ရွက်ချက် မှတ်တမ်းများကို အများပြည်သူသိရှိရန် ထုတ်ပြန်နိုင်ခွင့်နှင့် တားမြစ်ထားသော မှတ်တမ်းများကို မထုတ်ပြန်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသောကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိခြင်းများပါရှိပါကြောင်း၊ အပိုဒ်(၁၃)တွင် အထက်ဖော်ပြပါ ဥပဒေတစ်ရပ်ရပ်ကို ပြဋ္ဌာန်းသည့်အခါတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို နည်း ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေထုတ်ပြန်ခွင့် အပ်နှင်းနိုင်မှု၊ သက်ဆိုင် သည့် အဖွဲ့အစည်းအာဏာပိုင်အား အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့် အပ်နှင်းနိုင်ခွင့်များခွင့်ပြုပေးရန်နှင့် ထိုသို့ ထုတ်ပြန်ချက်များကို သက်ဆိုင်ရာများက အနီးကပ်ဆုံး ကျင်းပသည့် ပုံမှန် လွှတ်တော် အစည်းအဝေးတွင် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြစေခြင်း၊ ထိုသို့ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ တစ်ရပ်ရပ်သည် ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်ပါ အချက်များနှင့် ညီညွတ်မှု မရှိလျှင် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကို လွှတ်တော်ကိုယ်စားလှယ် များက လွှတ်တော်တွင် ရက်ပေါင်း ၉၀အတွင်း အဆိုပြုတင်သွင်းနိုင်ခြင်း၊ ထိုသို့ အဆိုပြုတင်သွင်းမှုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ပါက ဆုံးဖြတ်ခြင်း မပြုမီ ဆောင်ရွက်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့သည့် အမှုကိစ္စများကို ထိခိုက်မှုမဖြစ်စေရေးများပါရှိပါကြောင်း၊ ဤအချက်များမှာလည်း ဥပဒေပြုခွင့်ရှိသော လွှတ်တော်တစ်ရပ်အနေဖြင့် ဆောင်ရွက်မှုများတွင် ဖြစ်ပေါ်လာနိုင်သော အခြေအနေအရပ်ရပ်အပေါ် လိုအပ် သလို ပြုပြင်ဆောင်ရွက်သွားရန်မှာ အမှန်တကယ်လိုအပ်မှု ရှိလာနိုင်သဖြင့် ချမှတ်သင့်သော အသေးစိတ်အခြေခံရ မည့်မူများအဖြစ် သင့်လျော်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ရှင်းလင်းချပြထားသည့် အသေးစိတ်အခြေခံရမည့်မူများမှ အပိုဒ်(၁၄) တွင် လွှတ်တော်က အဆုံးအဖြတ်သဘောတူညီချက်၊ အတည်ပြုချက်ရယူရမည့် ကိစ္စများတွင် မည်သို့ ဆောင်ရွက်ရမည်ဆိုသည့် အချက်များ၊ အပိုဒ်(၁၅)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါရှိသော ကိစ္စရပ်များအနက် မိမိ၏ စီမံခန့်ခွဲသည့် ကိစ္စနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခွင့်၊ ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက် ဆိုင်ရာ ဥပဒေကြမ်းများကို လွှတ်တော်သို့ တင်သွင်းခွင့်ကိစ္စရပ်များ စသည်များကို ဖော်ပြထားပါကြောင်း၊ အပိုဒ် (၁၆)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စများမှအပ ကျန်ကိစ္စများနှင့် စပ်လျဉ်းသည့် ဥပဒေ ကြမ်းများကို လွှတ်တော်သို့ တင်သွင်းခွင့်နှင့် အပိုဒ်(၁၇)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်ကို အစိုးရက တင်သွင်းမှုများကို လွှတ်တော်က အဆုံးအဖြတ်ပေးရန်များ ပါရှိပါကြောင်း၊ ဖော်ပြပါ အချက် များမှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါ၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းထားသည့် အပိုဒ်(၁၈)၌ဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဆောင်ရွက်ရမည့်လုပ်ငန်း များနှင့် ပတ်သက်၍ လွှတ်တော်က အတည်ပြုထားသော ဥပဒေကြမ်းကို လက်မှတ်ရေးထိုးထုတ်ပြန်ရမည့်ကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းကို လက်မှတ်ရေးထိုးထုတ်ပြန် ရမည့်ကာလ၊ ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်းလက်မှတ်ရေးထိုးထုတ်ပြန် ခြင်း မပြုလျှင်လည်း သတ်မှတ်ကာလ ပြည့်မြောက်ပြီးလျှင် ဥပဒေကိုအတည်ပြု လက်မှတ်ရေးထိုးပြီးသကဲ့သို့ မှတ်ယူရန်ကိစ္စ၊ ထိုသို့အတည်ပြုပြီးသော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရန်များ၊ ဥပဒေ အာဏာ တည်သည့်နေ့စသည်များကို ဖော်ပြပါရှိပါကြောင်း၊ ဥပဒေကြမ်း တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးနောက် အတည်ပြုမှုလိုအပ်သည်မှာလည်း အမှန် တကယ်လိုအပ်ပြီး အတည်ပြုမှု ထုတ်ပြန်ကြေညာမှုများကိုလည်း ဆောင်ရွက် ရမှာဖြစ်ပါသဖြင့် ဖော်ပြပါအချက်များကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှန်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့အစည်းများအတွင်းမှာ ပါရှိ သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လွှတ်တော်တွင် မိမိအဖွဲ့နှင့် ဆိုင်သည့် ဥပဒေကြမ်းများ၊ ကိစ္စရပ်များကို ရှင်းလင်းပြောဆိုဆွေးနွေးခွင့်၊ မဲဆန္ဒပေးပိုင်ခွင့်ရှိခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော အဖွဲ့အစည်း ဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး မိမိအဖွဲ့နှင့်သက်ဆိုင်သည့် ဥပဒေကြမ်းသို့မဟုတ် ကိစ္စရပ် များကို ရှင်းလင်းပြောဆိုနိုင်သော်လည်း ဆန္ဒမဲပေးပိုင်ခွင့်ပေးမထားခြင်းများကို အပိုဒ်(၁၉)တွင် ဖော်ပြပါရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အား မဲဆန္ဒ ပေးပိုင်ခွင့်ပါ ပေးထားခြင်းမှာ ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည်နှင့်အညီ ခွင့်ပြု ပေးမှုမှာ မှန်ကန်ပြီးဖွဲ့စည်းပေးထားသော လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့် အဖွဲ့ဝင်များမှာ ကိုယ်စားလှယ်များ မဟုတ်ကြ၍ မိမိတို့နှင့်ဆိုင်သည့် အကြောင်းအရာများကို လိုအပ်သလို ပြောဆိုဆွေးနွေးစေပြီး ဤကိစ္စရပ်အတွက် ဆန္ဒမဲပေးရန်မှာ မလျော်ကန်ပါသဖြင့် ဖော်ပြထားသော အသေးစိတ်အခြေခံ ရမည့်မူမှာလည်း ချမှတ်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းချပြခဲ့သော အသေးစိတ်အခြေခံ ရမည့်မူများမှ အပိုဒ်(၂၀)တွင် လွှတ်တော်ဥက္ကဋ္ဌ ဆောင်ရွက်ရမည့် လုပ်ငန်းနှင့် ဆောင်ရွက်ခွင့်ရှိသော အချက်များဖော်ပြထားပြီး အပိုဒ်(၂၀)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် ၎င်းလွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်၊ လွှတ်တော်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာ ဆွေးနွေးခွင့်၊ ဆန္ဒမဲပေးခွင့်ရှိခြင်း၊ ထိုသို့ပြောဆိုဆွေးနွေး ဆောင်ရွက်ခြင်းကြောင့် ယင်းကိုယ်စားလှယ်အား လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုစေခြင်း၊ လွှတ်တော်သို့ တက်ရောက် ခွင့်ပြုထားသူ သို့မဟုတ် ဖိတ်ကြားခြင်းခံရသူစသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုအဖွဲ့ဝင်များသည် အထက်ဖော်ပြပါ ဥပဒေများနှင့် မဆန့်ကျင်လျှင် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီအဖွဲ့တို့တွင် လွတ်လပ်စွာ ပြောဆိုနိုင်မှုနှင့် ထိုသို့ပြောဆိုဆွေးနွေး တင်ပြခြင်းကြောင့် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူ ခြင်းမပြုရဟူသည့် အချက်များ ဖော်ပြထားပါကြောင်း၊ ယင်းတို့အပြင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ခွင့်ပြုပေးထားသော အခွင့်အရေးများ ကျင့်သုံးရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုမပြုရေးနှင့် ရှိခဲ့ပါက တည်ဆဲဥပဒေများနှင့် အရေးယူခံရမည်ဖြစ်ကြောင်း ဖော်ပြထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်က ဖွဲ့စည်းပေးထားသည့် အဖွဲ့များမှ အဖွဲ့ဝင်များအား လုပ်ဆောင်ခွင့်များ ခွင့်ပြုပေးထားမှုမှာ ပုဂ္ဂိုလ်၏ အနေ အထားအလိုက် ခွင့်ပြုသင့်သည့် အချက်များဖြစ်ပြီး ထိုသို့ကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ခွင့်ပြုထားခြင်းဖြစ်၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ ဖြစ်ပါကြောင်း၊ ထိုသို့ ခွင့်ပြုထားလျက်နှင့် ကိုယ်ထိလက်ရောက်ဖြစ်လာမှုများမှာ သက်ဆိုင်ရာပုဂ္ဂိုလ်တို့၏ ဂုဏ်သိက္ခာ၊ လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိပါးရာကျပါသဖြင့် တည်ဆဲဥပဒေဖြင့် အရေးယူရန်လည်းဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ယင်းအချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း။

ဆက်လက် ရှင်းလင်းချပြထားသော အသေးစိတ်အခြေခံရမည့်မူပါ အချက်(၂၂)သည် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နေသော လွှတ်တော် ကိုယ်စားလှယ်အားလည်းကောင်း၊ လွှတ်တော်က ဖွဲ့စည်းပေးထားသော အဖွဲ့၏ အဖွဲ့ဝင်အားလည်းကောင်း ဖမ်းဆီးခြင်းဆိုင်ရာ ကိစ္စရပ်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ဖမ်းဆီးလိုလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခွင့်ပြုချက်ရယူစေခြင်း၊ အဖွဲ့က အဖွဲ့ဝင်တစ်ဦးဦးအား ဖမ်းဆီးလိုလျှင် ထိုအဖွဲ့၏ ဥက္ကဋ္ဌမှတစ်ဆင့် ခိုင်လုံသော အထောက်အထားအား လွှတ်တော် ဥက္ကဋ္ဌထံတင်ပြ၍ ကြိုတင်ခွင့်ပြုချက်ရမှ ဖမ်းဆီးနိုင်ခြင်း၊ ယင်းအပြင် လွှတ်တော် အစည်းအဝေးကျင်းပချိန်မဟုတ်သော အခြားအချိန်တွင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးအား ဖမ်းဆီးလိုပါကလည်း ခိုင်လုံသော အထောက်အထားကို လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြစေခြင်းများပါရှိပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်က ဖွဲ့စည်းပေးထားသောအဖွဲ့များမှ အဖွဲ့ဝင် များသည် သာမန်လူများသာဖြစ်ကြ၍ ဥပဒေဘောင်အတွင်းတွင် နေထိုင်ရသော ပြည်သူပြည်သားများပင်ဖြစ်ရာ ယင်းတို့အားလည်း ဖမ်းဆီးရမည့် ဥပဒေနှင့် မလွတ်ကင်းသော ကိစ္စရပ်များဖြစ်ပေါ်နိုင်သူများဖြစ်သဖြင့် ထိုသို့သော အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန်မှာလိုအပ်ပါကြောင်း၊ ထို့ကြောင့် အသေးစိတ်အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း။

ချမှတ်ရမည့်အသေးစိတ်အခြေခံမူအဖြစ် ရှင်းလင်းဖော်ပြထားသော အပိုဒ် (၂၃)သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကလည်းကောင်း၊ လွှတ်တော်၏အခွင့်အာဏာအရလည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် စာရွက် စာတမ်းများကိစ္စဖြစ်ပါကြောင်း၊ လွှတ်တော်သည် အခါအားလျော်စွာ လွှတ်တော် ၏ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပေးသင့်၊ အသိပေး ထိုက်သည်များကို နည်းမျိုးစုံဖြင့် ထုတ်ဝေဖြန့်ချိဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ မှတ်တမ်း များနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့်ကိစ္စရပ်အတွက် တရားစွဲဆိုပိုင်ခွင့်မရှိစေ ခြင်းသည် ပြည်သူ့ကိုယ်စားလှယ်များတက်ရောက်သည့် လွှတ်တော် ဖြစ်သဖြင့် လွတ်လပ်စွာလုပ်ဆောင်ခွင့်ရှိသော ကိစ္စရပ်ဖြစ်ပါကြောင်း၊ ထိုစာရွက်စာတမ်း များနှင့်စပ်လျဉ်း၍ တရားစွဲဆိုခွင့်မပြုသင့်ကြောင်း သုံးသပ်ရရှိပါ၍ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်သောကိစ္စရပ် ဖြစ်ပါကြောင်း။

သို့ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေး အခန်း၌ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံ ရမည့်မူများအဖြစ် အထက်တွင် ဖော်ပြထားသော အချက်၂၃ချက်အား အကြံပြုချက်၊ ပြင်ဆင်ချက်၊ သုံးသပ်ချက်များနှင့်အတူ ထောက်ခံတင်ပြအပ်ပါ ကြောင်း။

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ် အားလုံးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃၊ ၁၄နှင့်၁၅ရက်နေ့များတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်မူများဖြစ်သည့် ပြည်ထောင်စု လွှတ်တော်အတွက်မူ ၂၈ရပ်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသား လွှတ်တော် အတွက် မူ ၁၉ရပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်များအတွက် မူ၂၃ရပ် စုစုပေါင်းမူ၇၀နှင့် ယင်းတို့၏အပိုဒ်ခွဲ၊ အပိုဒ်ငယ်အားလုံးသည် အထက်တွင် မိမိတင်ပြခဲ့ပြီးဖြစ်သည့်အောက်ဖော်ပြပါ အကြံပြု ဖြည့်စွက်ချက် များနှင့်အတူ အသေးစိတ်အခြေခံရမည့်မူများဖြစ်သည်ဟု မိမိတို့အစုအဖွဲ့က တညီတညွတ်တည်း သဘောထားတူညီထောက်ခံအပ်ပါကြောင်း။

(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးအထမြောက်မှုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ပိုမိုများပြားစွာ တက်ရောက်စေ လိုခြင်း၊

(ခ) မဲခွဲဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ နှစ်ဖက်ဆန္ဒမဲခြင်း တူနေလျှင် လွှတ်တော်နာယက၏ **“အနိုင်မဲ”**ပေးရမည်ဆိုသော စကားရပ် အစား**“အဆုံး အဖြတ်မဲ”**ဆိုသည့် စကားရပ်ဖြင့်အစားထိုး စေလိုခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပပြီးနောက်မှ စစ်ဆေးတွေ့ရှိလာ သော လွှတ်တော်အစည်းအဝေးတက်ရောက်ရန် **“အခွင့်အရေး မရှိသူတစ်ဦး”** ဆိုသော စကားရပ်အစား**“အခွင့်အရေးမရှိသူ တစ်ဦး ဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများ ကဖြစ်စေ”**ဆိုသည့်စကားရပ်ဖြင့် အစားထိုးစေလိုခြင်း

စသည့် အချက်များကို အကြံပြုချက်၊ ဖြည့်စွက်ချက်များအဖြစ် တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**